# ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (22-12-2008) (၅၉၀၀)


**မာတာပိတု ဥပဋ္ဌာနံ တော်မင်္ဂလ မုတ္တမံ**

**မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြိတ်မြို့သစ် ဖိုးလမင်းကုမ္ပဏီ ဆိပ်ခံတံတားကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)





# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး

## တနင်္သာရီတိုင်း မြိတ်မြို့ ရှောင်ကွင်းလမ်းပိုင်းနှင့် မြိတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မြိတ်)သို့ရောက်ရှိပြီး သတင်းစာများ ရိုက်နှိပ် ဖြန့်ချိနေမှုကိုလည်းကောင်း၊ စက်ခန်းနှင့် စက္ကူသိုလှောင်ခန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၏ မွေးမြူရေးခြံအတွင်း Golden Brown အမျိုးအစား ဥစားကြက် မွေးမြူထားရှိမှု၊ တီလားပီးယားငါး မွေးမြူထားရှိမှု၊ အသားတိုးဝက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့ ရှောင်ကွင်းလမ်း စီမံကိန်း ဘုတ်- ဒေါ-ကဘင်းအပိုင်း ၂၅ မိုင် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ပိတောက်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့မှတစ်ဆင့် မြိတ်မြို့ရှောင်ကွင်းလမ်း ဒေါ-ဓားသွေး-မဇော်ပြင်ကြီးအပိုင်း မိုင်တိုင် ၁၈/၅ မိုင်နှင့် ၁၈/၆ မိုင်ကြားရှိ တစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး တံတားတည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၈နာရီတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာရှိ တောင်သူဦးမောင်ငယ်၏ စပါးစိုက်ခင်း၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ ခုနှစ် နွေစပါး ထွန်ယက်မျိုးစေ့ချစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**




နည်းပညာတက္ကသိုလ် (မြိတ်)ကို တွေ့ရစဉ်။
(သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျေးလက်လူနေမှုအဆင့် မြှင့်တင်ဖို့ ယူကလစ်ပင် စိုက်ပျိုးစို့**

ညီ (သစ်တောသုတေသန) ၏ (ဆောင်းပါး) စာ-၆



22-12)01.pmd 1 12/22/2008, 2:50 AM

ကြေးမုံ
The Mirror
၂၂-၁၂-၂၀၀၈
(တနင်္လာနေ့)

## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်လာခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ သူ့ကျွန်မခံလိုသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော အင်အားဖြင့် တွန်းလှန်တိုက်ပွဲဝင်နိုင်မှုကြောင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

ယင်းသို့ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့က အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်ရယူခဲ့ရသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းသည် ယခုအခါ (၆၁)နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။

ထို့ကြောင့် ဘိုးဘွားများ အစဉ်အဆက် စွန့်လွှတ်စွန့်စား ရယူတည်ဆောက်ပေးခဲ့သည့် လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒကို အလေးထားပြီး နိုင်ငံကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းနေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူအပေါင်းတို့က နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရေးအတွက် လက်တွဲကာကွယ်စောင့်ရှောက်ရင်း ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တက်ညီလက်ညီ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၁

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက လက်ရှိဓာတ်မြေသြဇာ ထုတ်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရည်မှန်းချက်အတိုင်း ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စက်ရုံပုံမှန်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာရပ်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျ ကြိုတင်စီစဉ်ဆောင်ရွက်သွားကြရန် ပြောကြားပြီး စက်ရုံအတွင်း ဓာတ်မြေသြဇာထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လျှပ်စစ်ပုံမှန်ရရှိရေးနှင့် သဘာဝဓာတ်ငွေ့ အပြည့်အဝရရှိရေးတို့အတွက် ညှိနှိုင်းပံ့ပိုးပေးသည်။



### မှာကြား

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာက လက်ရှိရေနံထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြပြီး **(အပေါ်ပုံ)** ဝန်ကြီးက ပြည်တွင်းစက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ လုံလောက်ပိုလျှံစေရန် ရည်ရွယ်၍ လက်ရှိ ရေနံမြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်နှုန်းဖြင့် National Decline ကို ထိန်းသိမ်းထားရန်၊ အလေအလွင့်နည်းပါးစေရေး ဆောင်ရွက်သွားရန်နှင့် မီးဘေးအန္တရာယ်ဂရုပြုရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနား ဒုတိယဝန်ကြီးဦးမျိုးညွန့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၁

**၂၀၀၈ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့် တက်ရောက်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

ဆက်လက်၍ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အခမ်းအနားမှူးက ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံ ဆရာကြီးများ၊ အကောင်းဆုံး သုတေသနစာတမ်းဆု၊ ၂၀၀၇ ခုနှစ် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုရ ပညာတန်ဆောင်ကလောင်ရှင်များနှင့် ၂၀၀၈ ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲခုနစ်မျိုးတွင် ပြိုင်ပွဲအလိုက် ဆုရရှိသူများ၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က စာပေပြိုင်ပွဲများနှင့် ပတ်သက်၍ အကဲဖြတ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက ၂၀၀၈ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံ ဆရာကြီးများဖြစ်ကြသော ဆရာကြီးဦးလှဦး၊ ဆရာကြီးဦးစိန်ထွန်းနှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အဋ္ဌမအကြိမ်မြောက် စာတမ်းဖတ်ပွဲ၌ အကောင်းဆုံးသုတေသန စာတမ်းဆုရ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် ဒုတိယအုပ်ချုပ်ရေးမှူး ဒေါက်တာအောင်မြင့်ဦး တို့အားလည်းကောင်း၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုရ ပညာတန်ဆောင် ကလောင်ရှင်များအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များက ၂၀၀၈ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲ ခုနစ်မျိုးတွင် ပြိုင်ပွဲအလိုက် ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## မော်လမြိုင်စက်မှုလက်မှု အထက ကျောင်းသားဟောင်းများ အာစရိယ ပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မော်လမြိုင်စက်မှုလက်မှု အထက်တန်းကျောင်း၌ သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက်၈ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပသည်။

### ပူဇော်ကန်တော့

အခမ်းအနားတွင် ဦးထွန်းလွင်က ကန်တော့ပန်ကြားလွှာကို တိုင်ပေးပြီး ကျောင်းသားဟောင်းများက အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ရှိခိုးပူဇော်ကာ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**(အောက်ပုံ)** (၅၄၄)



## နယ်မြေရဲကင်းများအတွက် စက်ဘီးနှင့် ရန်ပုံငွေများပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ရဲကင်းများ၏တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ၊ လှည့်ကင်းများဆောင်ရွက်ရာတွင် အသုံးပြုရန် စက်ဘီးနှင့် ရန်ပုံငွေများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်(၃) ဥက္ကဋ္ဌ ဦးအောင်သန်း၊ မရမ်းကုန်းမြို့နယ် သီရိမွန်ပလာဇာမှ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)၊ တံတားမြို့နယ်မှ ငါးလုပ်ငန်းရှင် ဦးသန်းအေးနှင့် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင် ဦးထွန်းဦးတို့က ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ အလှူငွေနှင့် စက်ဘီးများကို ပေးအပ်လှူဒါန်းကြရာ တိုင်းရဲတပ်ဖွဲ့မှူးနှင့် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး **(အပေါ်ဝဲပုံ)** တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ရန်ကုန်တိုင်းအတွင်းရှိ နယ်မြေရဲကင်းများ၏ တရားဥပဒေစိုးမိုးရေးနှင့် လှည့်ကင်းတာဝန်များဆောင်ရွက်ရန် လှူဒါန်းမှုမှာ ရန်ပုံငွေကျပ် ၂၄၅သိန်း၊ စက်ဘီးမျိုးစုံ အစီး ၈၉၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၆၈ သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခင်ဖောင် ပယ်ဖျက်၍ ယခုဖောင် အတည်ပြုပါရန်-၂၄၅

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပခဲ့သော ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် 'အေးချမ်းခေတ်မီ မြန်မာပြည်' ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။**



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၉ ခုနှစ် (၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အောင်ကျော်ထွန်း (ပုသိမ်ကြီး)အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ဓာတ်ပုံပညာရှင်ကြီးများ၊ ဂျာနယ်မဂ္ဂဇင်းများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲစိစစ်အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင်က ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် **အေးချမ်းခေတ်မီ မြန်မာပြည်** ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ ဒုတိယဆုရ သိန်းဦး(မြနန္ဒာ)နှင့် တတိယဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆုများရရှိကြသော ကိုကိုဆန်နီ (သိင်္ဂီရွှေရည်)၊ စောအောင်မင်း (နယူးအာရှဓာတ်ပုံ)၊ ဝေကြည်မိုး၊ ဦးညွန့်ကြည်၊ ညောင်ဦးဖိုးချို၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ A.K.Moe (သတ္တဗေဒ) နှင့် စိုင်းခမ်းလင်း(Hawk Eyes)တို့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပြိုင်ပွဲစိစစ်အကဲဖြတ်ရေး ကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင်တို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား အောင်ကျော်ထွန်း (ပုသိမ်ကြီး)က ကျေးဇူးတင်စကား ပြောကြားပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဌာနဆိုင်ရာအကြီးအကဲများ၊ ဓာတ်ပုံပညာရှင်ကြီးများ၊ ဆုရ ဓာတ်ပုံပညာရှင်များနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင်ဆုရ ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဧည့်သည်တော်များ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲဝင်ဆုရ ဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



## ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

စစ်တွေ ဒီဇင်ဘာ ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာအားကစားလ တတိယပတ် လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၆နာရီက စစ်တွေမြို့ မြို့တော်ခန်းမ အရှေ့စုရပ်မှ ဝေသာလီရင်ပြင် အားကစားကွင်းအထိ မေယုလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးလွင် ဦးဆောင်သော ဒေသခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုများ၊ ပြည်နယ်၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်ပြည်နယ်/ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ၂၅၀၀၀ကျော်တို့ စုပေါင်း လမ်းလျှောက်ကြသည်။(၆၁)

## မြောက်ဥက္ကလာပ အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် မေတ္တာရိပ် ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး ဆရာ၊ ဆရာမ ၁၉၆ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အကြိုညှိနှိုင်း အစည်းအဝေးများကို အပတ်စဉ် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းသားဟောင်းများအသင်းခန်းမ၌ ကျင်းပလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်အကြံပြုဆွေးနွေးနိုင်ပြီး အလှူငွေများလှူဒါန်းလိုပါက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း - ၀၉-၅၁၀၀၅၅၅၊ ၀၉-၅၁၉၇၇၇၇၊ ဦးစိန်ဝင်း ဖုန်း- ၀၉-၅၀၂၇၅၇၇၊ ဦးစိုးသန်း ဖုန်း- ၅၅၈၆၉၈၊ ဦးချိုအေး (ACA)၊ ဦးအေးကို ဖုန်း - ၀၉-၈၀၂၀၄၀၀၊ ၆၉၁၁၂၃၊ ဦးဆုတင် ဖုန်း-၀၉-၅၁၈၂၇၂၃၊ ၀၉-၅၀၀၉၉၀၊ ဦးပွင့်သစ် ဖုန်း-၀၉-၅၁၁၂၃၂၅၊ အထက(၁) မြောက်ဥက္ကလာ ဖုန်း-၆၉၉၃၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## သတိတရားသည် သောကမီးကိုငြိမ်းစေ၏

မီးသည် ကြီးငယ်မဟူ လောင်စာမှန်သမျှကို လောင်သွားနိုင်သော်လည်း သတိတရား လက်ကိုင်ထား၍ ဒုစရိုက်အပြစ်ကိုမြင်သော သူတော်ကောင်းသည် နည်းများမဟူ လောင်ကျွမ်းတတ်သော သံယောဇဉ်မီးကို ပယ်ဖျက်နိုင်ကာ ထာဝရအေးချမ်းမှု အမှန်ရှိသည့် သန္တိသုခပြည့်နိဗ္ဗာန်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

(ဓမ္မပဒ-၃၁)

## ခရီးသွားလုပ်ငန်းအထောက်အကူပြု ရုရှားဘာသာသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ခရီးသွားလုပ်ငန်းအထောက်အကူပြု ရုရှားဘာသာသင်တန်း(Intermediate Level)ကို ၂၀၀၉ခုနှစ် ဇန်နဝါရီလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ရာ ရုရှားဘာသာအခြေခံရှိပြီးသူများ၊ ဧည့်လမ်းညွှန်နှင့် စကားပြန်လုပ်လိုသူများ တက်ရောက်နိုင်ကြပြီး ရုရှားလူမျိုး သင်တန်းဆရာက ပို့ချမည်ဖြစ်ကာ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်၍ လူဦးရေကန့်သတ်ထားသည်။

အသေးစိတ်ကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း(၅၅၉-၆၇၂ နှင့် ၅၅၉၆၇၃)တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၀၈ (တနင်္လာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ရာသီမသိပန်းနှင့်ညို" တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ) |
| ၈း၀၅ - ၂း၀၅ | နည်းပညာအစွမ်းဖြင့် နိုင်ငံဂုဏ်မြှင့်မည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း |
| ၈း၄၀ - ၂း၄၀ | ဘိသိက်သွန်းစုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားဆင်ယင်ကျင်းပပုံ |
| ၉း၀၀ - ၃း၀၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အစ်မကြီးအမိရာနှင့် ဗီဒီယိုဇာတ်ကားများကန်တော့ပွဲပေး အခမ်းအနား" |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | Art Vision (LAZY BRUSHES Art Exhibition) |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | သီးနှံစိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း" |
| ၁၀း၀၀ - ၄း၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၅ - ၄း၀၅ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် |
| ၁၀း၂၅ - ၄း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၅ - ၄း၃၅ | Activities In The City (သွေးအလှူရှင်များ ဂုဏ်ပြုပွဲ) |
| ၁၀း၄၅ - ၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ - ၄း၅၀ | နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ (အပိုင်း -၂) |
| ၁၁း၁၅ - ၅း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် အရိုင်းနှင့်တွေ့ဆုံခြင်း) |
| ၁၂း၀၀ - ၆း၀၀ | ရာဇဝင်မြစ်ကမ်းပေါ်မှ.... နားခိုရာ |
| ၁၂း၃၀ - ၆း၃၀ | Study Guide (G.E.S.C) (Golden Education Sharing Centre) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၃၀ | Everton - Chelsea | ESPN (Live) |

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။



(22-12)03.pmd 1 12/22/2008, 2:50 AM




# အာဖဂန်ရှိ ချက်တပ်ဖွဲ့ အင်အားတိုးရေး ချက်ပါလီမန် ပယ်ချ

**ပရပ်ဟာ ဒီဇင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံတွင် သူပုန်များ၏ တိုက်ခိုက်မှုသည် အရှိန်ပြင်းထန်လာရာ ၎င်းတို့အား နှိမ်နင်းရန်အတွက် နေတိုးတပ်ဖွဲ့များကို အင်အားဖြည့်တင်းရန် အမေရိကန်တို့၏ တောင်းဆိုမှုကို ချက်ပါလီမန် အမတ်များက ပယ်ချခဲ့သည့်အပြင် အာဖဂန်နစ္စတန်၌ လက်ရှိတပ်စွဲထားသော ချက်တပ်ဖွဲ့ကိုလည်း အချိန်ကာလ တိုးမြှင့်ရန် ငြင်းဆိုခဲ့သည်။ အဆိုပါ ကိစ္စရပ်အတွက် အမတ်ဦးရေ ၂၀၀ ရှိသော အောက်လွှတ်တော်၏အတည်ပြုချက်လိုအပ်သည်။

ဝန်ကြီးချုပ် မီရက်တိုပိုလာနက်၏ သုံးပါတီ ညွန့်ပေါင်းအစိုးရသည် လွန်ခဲ့သောလများအတွင်းက အမတ်လေးဦး ကူးပြောင်းသွားသဖြင့် အောက်လွှတ်တော်တွင် ၉၆ ဦးသာ ရှိတော့သည်။

အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းဆောင်နေသော ချက်တပ်ဖွဲ့ဝင် ၅၀၀ကျော်ကို အချိန်ကာလတိုးမြှင့်ရန် နည်းလမ်းရှာဖွေမရလျှင် ဇန်နဝါရီ ၁ ရက်မှစ၍ နောက်ရက်ပေါင်း ၆၀အတွင်း ၎င်းတပ်ဖွဲ့များကိုပြန်လည်ခေါ်ယူရမည် ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***



**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် အသေခံကားဗုံးဖြင့် တိုက်ခိုက်ခံရခြင်းကြောင့် ပျက်စီးနေသော အဆောက်အအုံကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ၁၅၅ မိုင်အကွာရှိ ကယ်ကွတ်မြို့၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သည့်ယာဉ်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## အီရတ်တွင် သတင်းထောက်သေဆုံးမှု အများဆုံးဖြစ်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၁**

၂၀၀၈ခုနှစ်အတွင်း၌သတင်းထောက်များ သေဆုံးမှု အမြင့်ဆုံးဒေသမှာ အီရတ်ဖြစ်သည်ဟု လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဒီဇင်ဘာ ၁၈ ရက်တွင် ထုတ်ဖော် ပြောကြားသည်။ ယင်းသည် ခြောက်နှစ်ဆက်တိုက် လေ့လာဆန်းစစ်မှုများအရတွေ့ရှိခြင်းဖြစ်သည်ဟု သိရသည်။

အီရတ်တွင် ၂၀၀၈ ခုနှစ်အတွင်း သတင်းထောက် ၁၁ ဦး သေဆုံးခဲ့ရာ ၂၀၀၇ ခုနှစ်က ၃၁ ဦး သေဆုံးခဲ့သည်နှင့် နှိုင်းယှဉ်ပါက လျော့နည်းသွားခြင်းဖြစ်သည်။သို့ရာတွင် အခြားတိုက်ပွဲဖြစ်ပွားရာ နေရာများထက် အီရတ်တွင် သတင်းထောက်များ သေဆုံးရမှု များပြားဆဲဖြစ်သည်ဟု ဆိုသည်။

ဒုတိယအများဆုံးမှာ ပါကစ္စတန်နိုင်ငံဖြစ်ပြီး ငါးဦး သေဆုံးရကာ အိန္ဒိယကတတိယနေရာတွင်ရှိသည်။ အိန္ဒိယတွင် သေဆုံးသည့် သတင်းထောက်ဦးရေမှာ လေးဦးဖြစ်ပြီး လူထုဆူပူအုံကြွမှုအတွင်း သေဆုံးခြင်းဖြစ်သည်။

ရုရှားနှင့် တိုက်ပွဲဖြစ်ပွားချိန်က ဂျော်ဂျီယာတွင် သတင်းထောက်သုံးဦး သေဆုံးခဲ့ရပြီး ထိုင်းနိုင်ငံတွင် ဖြစ်ပွားသော လူထုဆူပူအုံကြွမှုတွင် သတင်းထောက်သုံးဦး သေဆုံးခဲ့ရသည်။

ကမ္ဘာအနှံ့တွင် ပြီးခဲ့သည့်နှစ်အတွင်း၌ တာဝန်ထမ်းဆောင်ရင်းဖြင့် သေဆုံးသူ သတင်းထောက် ၄၁ ဦး ရှိပြီး ၂၈ ဦးမှာ သတ်ဖြတ်ခံရခြင်းဖြစ်သည်။ ***အင်တာနက်။***

## အီရတ်မှ မာစီဒိုးနီးယားတပ်ဖွဲ့ ထွက်ခွာ

**တီရာနား ဒီဇင်ဘာ ၂၁**

အီရတ်နိုင်ငံတွင်တာဝန်ထမ်းဆောင်နေသော မာစီဒိုးနီးယားနိုင်ငံ၏ နောက်ဆုံး ကျန်ရှိသောတပ်ဖွဲ့သည် သောကြာနေ့ကအီရတ်နိုင်ငံမှပြန်လည်ထွက်ခွာခြင်းဖြင့် အီရတ်စစ်ပွဲတွင် မာစီဒိုးနီးယားတို့ ပါဝင်ခြင်းမှာ အဆုံးသတ်သွားပြီဖြစ်သည်။

မာစီဒိုးနီးယား သမ္မတ ဘရန်ကိုစာဗင်ကိုဗော့စကီးနှင့် ဝန်ကြီးချုပ် နီကိုလာဂရူဗော့စ်တို့သည် အီရတ်မှ ပြန်လည် ရောက်ရှိလာသော တပ်ဖွဲ့ဝင် ၄၀ တို့အား ကြိုဆိုသော အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း စကော့ဂျီးမှလာသော သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သော မဟာမိတ်နိုင်ငံများက အီရတ်နိုင်ငံအား ဝင်ရောက် တိုက်ခိုက်သော ၂၀၀၃ ခုနှစ်ကတည်းက မာစီဒိုးနီးယားတပ်ဖွဲ့ဝင် စုစုပေါင်း ၄၇၀သည်အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်လေးဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) မှ တပ်ဖွဲ့ဝင်လေးဦးသည် နိုင်ငံတောင်ပိုင်း၌ သီးခြားစီဖြစ်သော ဗုံးကွဲမှုများတွင် သေဆုံးကြောင်း အိုင်အက်စ်အေအက်ဖ်မှ စနေနေ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ အိုင်အက်စ်အေအက်ဖ်၏မူဝါဒအရသေဆုံးသော တပ်ဖွဲ့ဝင်များသည် မည်သည့်နိုင်ငံသားဖြစ်ကြောင်းကို ထုတ်ဖော်ကြေညာခြင်းမပြုပေ။ တစ်ချိန်တည်းမှာပင် အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် ဒိန်းမတ်တပ်ဖွဲ့၏ မော်တော်ယာဉ်တစ်စီးလမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းခံရသဖြင့် ဒိန်းမတ်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်။

ဒိန်းမတ်တပ်ဖွဲ့ဝင် ၇၀၀ ခန့်သည် အာဖဂန်နစ္စတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိရာ ဟဲလ်မန့် ပြည်နယ်တွင် အများစုတပ်စွဲလျက်ရှိသည်။ နေတိုး၏ နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့တွင် ၂၀၀၁ ခုနှစ်မှစ၍ ဒိန်းမတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိရာ မကြာမီက သုံးဦးသေဆုံးမှု ထည့်တွက်လျှင် စုစုပေါင်း သေဆုံးသော တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၁ ဦး ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် အသေခံဗုံးတိုက်ခိုက်မှုဖြစ်ပွားရာနေရာ၌ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံတကာ သတင်းမှတ်စု

## အိန္ဒိယနှင့် ယူအေအီးကုမ္ပဏီတို့ အင်ဒိုနီး၌ စက်ရုံများတည်မည်

အိန္ဒိယနိုင်ငံ၏ အကြီးဆုံး အလူမီနီယံထုတ်လုပ်သည့် အမျိုးသားအလူမီနီယံကုမ္ပဏီလီမိတက် (အင်အေအယ်စီအို)နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)မှ ကုမ္ပဏီတို့က အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ဆူမတြားရှိ ကန်ဂျန်အပီ အပီဒေသတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် သတ္တုအရည်ကျိုစက်ရုံတစ်ရုံ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံသုံးစွဲရန် စီစဉ်ခဲ့ကြောင်း စနေနေ့ထုတ် အင်ဒိုနီးရှားသတင်းစာ တစ်စောင်က ရေးသားဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကို သတ္တုအရည်ကျိုစက်ရုံ တည်ဆောက်ရန်နှင့် အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဘီလီယံကို လျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် ဆိပ်ကမ်းနှင့်ရထားလမ်းများ တည်ဆောက်ရန် သုံးစွဲမည်ဖြစ်သည်။

## ပြည်ပခရီးသည် ၆ ဒသမ ၈ သန်း လာမည်ဟု အင်ဒိုမျှော်မှန်း

အင်ဒိုနီးရှားအစိုးရက လာမည့်နှစ်၌ နိုင်ငံအတွင်းသို့ ပြည်ပခရီးသည် ၆ ဒသမ ၈ သန်း လာရောက်မည်ဟု မျှော်မှန်းထားကြောင်း၊ "အင်ဒိုနီးရှားခရီးသွားနှစ်-၂၀၀၈"သတ်မှတ်ပြီး နိုင်ငံပေါင်း ၆၃ နိုင်ငံနှင့်ဆက်သွယ်ကာ အင်ဒိုနီးရှားနိုင်ငံက နိုင်ငံအတွင်းလာရောက်မည့် ပြည်ပခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာကို လေဆိပ်တွင် ထုတ်ပေးပြီးနောက် လွန်ခဲ့သည့်နှစ်က ပြည်ပခရီးသည်ငါးသန်းမှ ယခုနှစ် ရှစ်သန်းထိ တိုးတက်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

## အသံထက်မြန်သော နျူကလီးယားဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်လွှတ်

အိန္ဒိယနိုင်ငံက ဒီဇင်ဘာ ၁၈ ရက်တွင် ရွေ့လျားနေသော သင်္ဘောမှ အသံထက်မြန်သော နျူကလီးယားဒုံးကျည်တစ်စင်းကို ပထမအကြိမ် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ ယင်းသို့ လုပ်ဆောင်မှုသည် တောင်အာရှနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည် မြှင့်တင်မှုတစ်ခုဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဘရာ့မို့စ် နျူကလီးယားဒုံးကျည်သည် အသံနှုန်းထက် ၂ ဒသမ ၈ကြိမ်ပိုမြန်ပြီး ၂၉၀ ကီလိုမီတာ အကွာအဝေးကို ပစ်ခတ်နိုင်စွမ်းရှိကြောင်း ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (ဒီအာဒီအို) အဆိုအရ ဖော်ပြသည်။

## ရုရှားရေတပ်သင်္ဘောများ ကျူးဘားသို့ရောက်ရှိ

မြောက်ပိုင်းစစ်သင်္ဘောအုပ်စုမှ ရုရှားရေတပ်သင်္ဘောများသည် ဒီဇင်ဘာ ၁၉ ရက်က ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ အလည်အပတ်ရောက်ရှိလာသည်။ ထို့သို့အလည်အပတ်ရောက်ရှိလာသော သင်္ဘောများမှာ သင်္ဘောသား ၄၅၁ ဦးပါရှိသည့် "အက်မီရယ် ချာဘန်နင်ကို" ရေငုပ်သင်္ဘော၊ ဖျက်သင်္ဘောနှင့် သင်္ဘောသား ၇၈ ဦးပါရှိသည့် ကယ်ဆယ်ရေးဆွဲသင်္ဘောတို့ဖြစ်ပြီး ဒီဇင်ဘာ ၂၃ ရက်ထိတိုင် ဟာဗားနားဆိပ်ကမ်း၌ ဆိုက်ကပ်ထားမည်ဖြစ်သည်။

## ပါကစ္စတန်ကုန်တိုက် မီးလောင်၊ ငါးဦး သေ

ပါကစ္စတန်နိုင်ငံ ရာဝါလ်ပင်ဒီမြို့တွင် ဒီဇင်ဘာ ၂၀ရက်က ဆိုင်ခန်း ၄၀၀ ခန့်ပါဝင်သည့် လေးထပ် ကုန်တိုက်ကြီးသည် ဒီဇင်ဘာ ၁၉ရက်ညက မီးလောင်ကျွမ်းခဲ့ရာ ငါးဦး သေဆုံးပြီး အပျက်အစီးများကြားတွင် ကယ်ဆယ်ရေးသမားများအပါအဝင် ၁၈ဦး ပိတ်မိနေသည်ဟု အဆိုပါမြို့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## ဂါဇာဒေသ၌ အစ္စရေးလေကြောင်းမှ တိုက်ခိုက်

ဂါဇာကမ်းမြောင်ဒေသတွင် ဒီဇင်ဘာ ၂၀ ရက်က အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် စစ်သွေးကြွတစ်ဦး သေဆုံးကြောင်း၊ ၎င်းသည် ဂါဇာဒေသတွင် ပထမဆုံးသေဆုံးသူဖြစ်ကြောင်း ဟားမတ်စ်ခေါင်းဆောင်များက ပြောကြားသည်။ အစ္စရေးလုံခြုံရေးတပ်ဖွဲ့က ၎င်းသေဆုံးသူသည် အစ္စရေးသို့ ဒုံးကျည်များဖြင့် ပစ်ခတ်သူဖြစ်ကြောင်း ပြောကြားပြီး လေကြောင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

**စုစည်းဘာသာပြန်ဆိုသူ - စိုးစိုးနိုင်**

# ဂျပန်တွင် ဆိုလာစနစ်ဖြင့် ကုန်သင်္ဘောများ ခုတ်မောင်းနိုင်ပြီဟုဆို

**တိုကျို ဒီဇင်ဘာ ၂၁**

ဂျပန်မှ မော်တော်ကား ထုတ်လုပ်ရောင်းချသူများက ၎င်းတို့၏ ပြည်ပပို့ကုန်ကားများကို ဆိုလာစွမ်းအင်စနစ်ဖြင့် မောင်းနိုင်သော သင်္ဘောများဖြင့် ပို့ဆောင်နိုင်ပြီဖြစ်သည်။ ယင်းသို့ ဆိုလာစွမ်းအင်သုံးစွဲခြင်းအားဖြင့် လောင်စာအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်း၊ ကာဗွန်ဓာတ်ငွေ့ထွက်ရှိမှု နည်းပါးခြင်းစသည့်အချက်များကို ရည်ရွယ်၍ ကမ္ဘာပေါ်တွင် ပထမဆုံးအနေဖြင့် ဆိုလာစွမ်းအင်သုံးသင်္ဘောကြီးများအဖြစ် ပြသနိုင်ခဲ့သည်။ ဂျပန်နိုင်ငံတွင် ဒီဇင်ဘာ ၁၉ ရက်က ကုန်တင်သင်္ဘောကြီးအချို့ကို ဆိုလာစွမ်းအင်ဖြင့် မောင်းနှင်နိုင်ခဲ့သည်။

ကုန်သင်္ဘောအကြီးစားများ တည်ဆောက်သော သင်္ဘောကုမ္ပဏီနီပွန်ယူဆန်ကေကေနှင့် လောင်စာဆီဖြန့်ဖြူးရောင်းချသော ကုမ္ပဏီတို့သည် ဂျပန်နိုင်ငံအနောက်ဘက်ရှိ ကိုဘီဆိပ်ကမ်းမှနေ၍ ၎င်းတို့၏ ပစ္စည်းများကို တင်ပို့မည်ဟု ယင်းလုပ်ငန်းရှင်နှစ်ဦး၏ ပြောရေးဆိုခွင့်ရှိသူတို့က ပြောကြားသည်။

ကုန်တင်သင်္ဘောကြီးသည် ကားအစီးပေါင်း ၆၄၀၀ ကိုသယ်ဆောင်နိုင်ပြီး၊ ဆိုလာတပ်ဆင်စရိတ် ယန်းငွေသန်း ၁၅၀၊ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈သန်း) ကုန်ကျခဲ့ရသည်ဟု ကုန်တင်သင်္ဘော ကုမ္ပဏီနီပွန်ယူဆန်ကေကေက ပြောကြားသည်။

ဂျပန်နိုင်ငံမှ ထိပ်တန်းကား ကုမ္ပဏီဖြစ်သော တိုယိုတာသည် နိုင်ငံခြားသို့ ၎င်း၏ ကားများကို သင်္ဘောများဖြင့် တင်ပို့လေ့ရှိသည်။ ယခုအခါ ကမ္ဘာ့တစ်ဝန်းစီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရ၍ ကားများအရောင်းအဝယ်မလိုက်သဖြင့် ကားထုတ်လုပ်မှုလည်း လျှော့ချနေရပြီဖြစ်သည်ဟု ဆိုသည်။

**အင်တာနက်။**



**နီပွန်ယူဆန်ကေကေနှင့် နီပွန်ရေနံကော်ပိုရေးရှင်းတို့ တည်ဆောက်ထားသော တန်ချိန် ၆၀၀၀၀ ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး သင်္ဘောကြီးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဇင်ဘာဘွေဒေါ်လာ ၁၀ ဘီလီယံတန် ငွေစက္ကူထုတ်ဝေ

**ဟာရာရေး ဒီဇင်ဘာ ၂၁**

ဇင်ဘာဘွေနိုင်ငံ ဗဟိုဘဏ်သည် ငွေကြေး အလွန်အမင်းရှားပါးမှုကို ကုစားရန်အတွက် ဇင်ဘာဘွေဒေါ်လာ ၁၀ ဘီလီယံ တန်ငွေစက္ကူကို စတင်သုံးစွဲပြီဖြစ်ကြောင်း နိုင်ငံတော်ပိုင် သတင်းဌာနများက သောကြာနေ့တွင် ဖော်ပြသည်။

ကုန်ဈေးနှုန်းသည်နေ့စဉ်နှင့်အမျှ နှစ်ဆခန့်မြင့်တက်နေပြီး စားသောက်ကုန်နှင့် လောင်စာဆီများမှာလည်း ရှားပါးလျက်ရှိသည်။ ငွေကြေး အဆမတန် ဖောင်းပွလာခြင်းကြောင့် ငွေစက္ကူအသစ်များ ထုတ်ဝေရခြင်းဖြစ်သည်။ ဇင်ဘာဘွေ ဒေါ်လာ တစ်ဘီလီယံတန်ငွေစက္ကူ၊ ဇင်ဘာဘွေဒေါ်လာ ငါးဘီလီယံတန် ငွေစက္ကူနှင့် တစ်ဆယ်ဘီလီယံတန် ငွေစက္ကူအသစ်များကို ထုတ်ဝေသုံးစွဲပြီဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

# ယီမင်ပြန်ပေးသမားက ဖမ်းဆီးခံထားရသော ဘာသာရေးခေါင်းဆောင်ကို ပြန်လွှတ်ပေးရန်တောင်းဆို

**ဆန်နာ ဒီဇင်ဘာ ၂၀**

ဂျာမန်လူမျိုးသုံးဦးအား ပြန်ပေးဆွဲထားသော ယီမင်နိုင်ငံမှ ပြန်ပေးသမားများက အမေရိကန်အကျဉ်းထောင်တွင် ဖမ်းဆီးခံထားရသော ၎င်းတို့၏ ဘာသာရေးခေါင်းဆောင်တစ်ဦးအား ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

တောင်းဆို

ပြန်ပေးအဖွဲ့ခေါင်းဆောင် ရှိတ်စ်အက်ဘက်ဒ်ရက် ဘိုဆေလက်ချ် အယ်လ်-တမ်က ၎င်းတို့၏ဘာသာရေးခေါင်းဆောင် ရှိတ်စ်မိုဟာမက် အယ်လီဟက်ဆန်အယ်လ်-မိုယက်အား ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း သတင်းများက ဖော်ပြသည်။

အယ်လ်-မိုယက်သည် နယူးယောက်ခ်မြို့တွင် အကြမ်းဖက်သမားများကို ကူညီအားပေးသည်ဟူသော စွပ်စွဲချက်ဖြင့် ၂၀၀၅ ခုနှစ်အတွင်းက ထောင်ဒဏ် ၇၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခံခဲ့ရသည်။

သို့ရာတွင် အောက်တိုဘာလအတွင်း၌ ၎င်းနှင့်စပ်လျဉ်းသည့် သက်သေထွက်ဆိုချက်များမှာ ခိုင်လုံမှုမရှိဟု တွေ့ရှိရသဖြင့် ၎င်း၏မူလပြစ်ဒဏ်အား ပယ်ဖျက်ပြီး ပြန်လည်စစ်ဆေးကြားနာရန် အမိန့်ချမှတ်ခံရပြန်သည်။

**အင်တာနက်။**



**ပြင်သစ်နိုင်ငံ ကော့ယူဒေသ အာကာသစခန်းမှ ဗီယက်နမ်နိုင်ငံ ဗီနာဆက်-၁ နှင့် ဘရာဇီးနိုင်ငံ စတားဝမ်းစီ-၂ ဂြိုဟ်တုတို့နှင့်အတူ အာရီယာနီ-၅ ဒုံးပျံကို ဒီဇင်ဘာ ၁၈ ရက်က လွှတ်တင်စဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# သီရိလင်္ကာရေတပ်က သူပုန်သင်္ဘောကို ဖျက်ဆီး

**ကိုလန်ဘို ဒီဇင်ဘာ ၂၁**

သီရိလင်္ကာနိုင်ငံ ကမ်းလွန်တွင် လက်နက်များ သယ်ဆောင်လာသော တမီလ်ကျား သူပုန်တို့၏ သင်္ဘောတစ်စင်းကို အစိုးရရေတပ်ဖွဲ့က စနေနေ့တွင် ဖျက်ဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ကျွန်း၏ အရှေ့မြောက်ဘက် ပင်လယ်ပြင်ရေမိုင် ၇၀ အကွာ၌ ဒေသစံတော်ချိန်နံနက် ၁နာရီ(ကမ္ဘာ့စံတော်ချိန် ၁၉၃၀) တွင် ကျားသူပုန်တို့၏ သင်္ဘောနှင့် မော်တော်ဘုတ်လေးစင်းကို အစိုးရရေတပ်ဖွဲ့က တွေ့ရှိပြီး တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ရေတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# အစ္စရေးတို့က ဟားမတ်စ်တို့အပေါ် တုံ့ပြန်တိုက်ခိုက်မှုများ အရှိန်အဟုန်မြှင့်

**ဂျေရုဆလင် ဒီဇင်ဘာ ၂၁**

ယခုအချိန်တွင် ဟားမတ်စ်တို့နှင့် သဘောတူညီထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ ဂါဇာမှနေ၍ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်လာခြင်းကြောင့် ပျက်ပြယ်သွားပြီဖြစ်ရာ အစ္စရေးစစ်ဘက်အနေဖြင့် စစ်သွေးကြွများအား တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အစ္စရေးနိုင်ငံအတွင်းသို့ ဂါဇာဒေသမှနေ၍ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အပြင် ချောင်းမြောင်းပစ်ခတ်ခြင်းတို့ကိုပါ ပြုမူလာသဖြင့် အစ္စရေးအစိုးရနှင့် ဟားမတ်စ် စစ်သွေးကြွများအကြားရှိ ၆ လကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ ဆုံးခန်းတိုင်သွားပြီဖြစ်သည်ဟု အစ္စရေးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယခုအခါတွင် အစ္စရေးအစိုးရအနေဖြင့် ဟားမတ်စ်တို့အပေါ် တိုးမြှင့်တိုက်ခိုက်သွားမည့်အပြင် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခြင်းကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

**အင်တာနက်။**

ကြေးမုံ
The Mirror
နိုင်ငံတကာသတင်းများ

# ကိုယ်ဝန်ဆောင်ချိန်တွင် ကော်ဖီသောက်သုံးပါက သန္ဓေသား၏ နှလုံးဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်

အင်တာနက်
ကျန်းမာရေး
သတင်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

ကိုယ်ဝန်ရှိနေစဉ် ကော်ဖီနှစ်ခွက်အထိ သောက်သုံးပါက သန္ဓေသား၏ နှလုံးဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည့်အပြင်ကလေးဘဝတစ်လျှောက်လုံး နှလုံး၏ လုပ်ဆောင်ချက်များ အားနည်းမှုဖြင့် ကြုံတွေ့နိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက လေ့လာမှုအသစ်တွင် ဖော်ပြသည်။ အဆိုပါ ကော်ဖီသောက်သုံးခြင်းသည် အမျိုးသားများအကြား အဝလွန်ခြင်းနှင့် ပတ်သက် ဆက်နွှယ်လျက်ရှိသည်ဟု ရေလီတက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့က လေ့လာတွေ့ရှိခဲ့သည်။



ယင်းသည် ကော်ဖီတွင် ပါဝင်သည့် ကိုယ်ခန္ဓာကို နိုးကြွစေသော ကဖင်းန်ဓာတ်ထိတွေ့သောက်သုံးဖူးခြင်းမရှိသူများနှင့် နှိုင်းယှဉ်ကြည့်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကြွက်များဖြင့် စမ်းသပ်ခဲ့ရာမှ ယခုကဲ့သို့ ဇီဝဗေဒဆိုင်ရာ ပြဿနာနှင့် ဆိုးကျိုးများကို တွေ့ရှိခဲ့ခြင်းဖြစ်သော်လည်း လူသားများတွင်လည်း အလားတူဆိုးကျိုးများကို ခံစားရနိုင်သည်ဟု သုတေသနပြုချက်များတွင် ထည့်သွင်းဖော်ပြထားသည်။

ကိုယ်ဝန်နုစဉ် အချိန်အတွင်း ကဖင်းန် ဓာတ်သုံးစွဲမှုနှင့် စပ်လျဉ်း၍ ပိုမိုဂရုတစိုက်လေ့လာသွားမည်ဖြစ်ကြောင်းနှင့် ကိုယ်ဝန်ဆောင်ချိန်တွင် လိုအပ်သော ကဖင်းန်ဓာတ်ပမာဏကိုလည်း လေ့လာဖော်ထုတ်သွားမည်ဖြစ်ကြောင်း သုတေသနအဖွဲ့မှ အကြီးအမှူးစကော့တ် ရစ်ဗ်ကီစ်က ပြောကြားသည်။

**အင်တာနက်။**

မြကေခိုင်စိုး



**ပါကစ္စတန်နိုင်ငံ ရဝါပင်ဒီမြို့တွင် ကုန်တိုက်တစ်ခု မီးလောင်ပြိုကျမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့များ မီးငြိမ်းသတ်နေသည်ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



(22-12)05.pmd 1 12/22/2008, 2:50 AM

# ကျေးလက်လူနေမှုအဆင့်မြင့်တင်ဖို့ ယူကလစ်ပင် စိုက်ပျိုးစို့

ညီ (သစ်တောသုတေသန)

မြန်မာနိုင်ငံတွင် သစ်တောကဏ္ဍမှ ပြည်သူလူထု၏ အခြေခံ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပဝင်ငွေ ရှာဖွေရေးကိုလည်း နှစ်ပေါင်းများစွာ အထောက်အကူပေးလျက်ရှိသည်။ သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် **သဘာဝသစ်တော သယံဇာတ အရင်းအမြစ်များကို သားစဉ်မြေးဆက် အကျိုးခံစားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရင်း တစ်ဖက်မှလည်း ပြည်သူလူထုအတွက် သစ်၊ ထင်းလိုအပ်ချက်နှင့် စိမ်းလန်းစိုပြည်ရေးကို ပိုမိုအထောက်အကူပြုစေရန် ရည်ရွယ်၍ သစ်တောစိုက်ခင်းများကို နှစ်စဉ်တိုးချဲ့ တည်ထောင်စိုက်ပျိုးလျက် ရှိသည်။**

ကျေးလက်ပြည်သူများ ပျဉ်ကာ၊ ပျဉ်ခင်း၊ သစ်သားအိမ်နှင့် အဆင့်မြင့်စွာ နေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သော စေတနာမှန်ဖြင့် လမ်းညွှန်မှာကြားချက်အရ အိမ်ထောင်စုတိုင်း မိမိတို့၏ အိမ်ခြံဝင်းအတွင်း၌ ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀စီကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရန်နှင့် ကျေးရွာတိုင်း ကျေးလက်အိမ်ရာထူထောင်ရေး ယူကလစ်စိုက်ခင်း တစ်ဧကစီ စိုက်ပျိုးကြရန် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ယူကလစ်ဆိုသည်မှာ

ယူကလစ်ပင်သည် မြန်မာနိုင်ငံဒေသမျိုးရင်း သစ်မျိုးမဟုတ်သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်အတန်ကြာကပင် သယ်ယူစိုက်ပျိုးခဲ့သည့်အတွက် ပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်။ ယူကလစ်မျိုးစုသည် Myrtaceae မျိုးရင်းတွင်ပါဝင်ပြီး မျိုးစိတ်၇၀၀ခန့်ရှိသည်။ အဓိကစိုက်ပျိုးသည့် မျိုးစိတ်များမှာ E. camaldulensis, E.grandis, E.robusta, E.tereticornis, E.saligna, E.grobules နှင့် E.citriodora တို့ ဖြစ်သည်။

E. camaldulensis သည် အမြဲစိမ်းသစ်မျိုးဖြစ်ပြီး အမြင့်ပေ ၆၀ မှ ၁၂၀အထိ၊ လုံးပတ် ၁၀ ပေမှ ၁၂ ပေအထိရှိသည်။ ဖေဖော်ဝါရီလတွင် အပွင့်ပွင့်လေ့ရှိပြီး ဧပြီလတွင် အသီးသီး၍ ဇွန်လနှင့်ဇူလိုင်လတွင် သစ်စေ့ စုဆောင်းနိုင်သည်။ E.grandis သည် အမြင့်ပေ ၁၂၀ မှ ၁၈၀အထိ၊ လုံးပတ် ၁၀ ပေမှ ၁၅ ပေအထိရှိသည်။ ဩဂုတ်လမှ စက်တင်ဘာလအတွင်း အပွင့်ပွင့်လေ့ရှိပြီး မတ်လနှင့်ဧပြီလတွင် သစ်စေ့စုဆောင်းနိုင်သည်။

ယူကလစ်သစ်မျိုးသည် မိုးရေချိန် ၁၀လက်မမှ လက်မ ၇၀အတွင်း၊ အပူချိန် ၁ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်အထိနှင့် မြေပြန့်ဒေသများမှ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၀၀၀ကျော်အထိလည်းကောင်း၊ သဲဆန်သောမြေမှ နုန်းမြေအထိလည်းကောင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

## မြန်မာနိုင်ငံတွင် ယူကလစ်စိုက်ပျိုးမှု

သစ်တောဦးစီးဌာနသည် ၁၉၂၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၌ ယူကလစ်မျိုးစိတ်ခုနစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ E.camaldulensis မျိုးစိတ်သည် ပူပြင်းခြောက်သွေ့သောရာသီဥတုနှင့် မြေညံ့တွင် ရှင်သန်ပေါက်ရောက်နိုင်ခြင်း၊ စိုက်ခင်းတည်ထောင်ရန် လွယ်ကူခြင်းတို့ကြောင့် ၁၉၇၀ပြည့်နှစ်မှ စတင်၍ ယင်းမျိုးစိတ်ကို ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်စိုက်ပျိုးခဲ့သည်။ E.grandis မှာ အအေးပိုင်းတောင်ပေါ်ကုန်းမြင့်ဒေသတွင် အောင်မြင်ဖြစ်ထွန်းသဖြင့် ၁၉၇၈ ခုနှစ်မှစ၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ်တွင် စိုက်ပျိုးခဲ့ပြီး စက်မှုကုန်ကြမ်းစိုက်ခင်းအနေဖြင့်လည်း ပြင်ဦးလွင်မြို့နယ်တွင် စမ်းသပ်စိုက်ပျိုးခဲ့သည်။

ယူကလစ်သစ်မျိုးကို တစ်ပင်နှင့်တစ်ပင် ကိုးပေ အကွာအဝေးဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် အပင် ၅၄၀ ရရှိမည်ဖြစ်ပြီး ငါးနှစ်အကြာတွင် ယူကလစ်တစ်ပင်မှ သစ် ၇ ဒသမ ၈၁ ကုဗပေရရှိနိုင်သဖြင့် တစ်ဧကလျှင် ၈၄ ဒသမ ၃၈တန်ရရှိနိုင်မည် ဖြစ်သည်။ ၁၀နှစ်သား အပင်တစ်ပင်လျှင် ၁၈ဒသမ၂၁ကုဗပေ၊ ၁၅နှစ်သားတစ်ပင်လျှင် ၃၄ ဒသမ ၃၄ ကုဗပေ အသီးသီး ရရှိနိုင်မည်ဖြစ်ရာ အိမ်တစ်လုံးဆောက်လုပ်ရန် လိုအပ်သည့် သစ်ခွဲသား ၅ ဒသမ ၃၇တန်အတွက် ယူကလစ်ရှစ်ပင် စိုက်ပျိုးထားရုံမျှဖြင့် သစ်လိုအပ်ချက် အပြည့်အဝရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် ယူကလစ်ပင်သည် တစ်ကြိမ်ခုတ်လှဲပြီးနောက် ခြောက်နှစ်အကြာတွင် ငုတ်တက်မှ ပြန်လည်ပေါက်လာသည့်သစ်ကို တစ်ကြိမ်ပြန်လည် ခုတ်ယူသုံးစွဲနိုင်သည်။ ထို့ကြောင့် တစ်ကြိမ်စိုက်ပျိုးထားရုံဖြင့် ထပ်မံစိုက်ပျိုးရန်မလိုအပ်ဘဲ အကြိမ်ကြိမ်ခုတ်ယူသုံးစွဲနိုင်သည်။ ယူကလစ်သစ်မျိုးသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေဆီလွှာနှင့်ကိုက်ညီသဖြင့် နေရာအတော်များများတွင် စိုက်ပျိုးနိုင်သည်။ ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်းကို အလွယ်တကူဆောင်ရွက်နိုင်သဖြင့် ကျေးလက်ပြည်သူများ ကိုယ်တိုင်စိုက်ပျိုးနိုင်သည်။

## ယူကလစ်၏အသုံးဝင်ပုံ

ယူကလစ်ပင်များမှ ပြည်သူများအတွက် ထင်း၊ မီးသွေး၊ ခြံတိုင်၊ အိမ်တိုင်၊ သစ်များနှင့်လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ရယူထုတ်လုပ်သုံးစွဲနိုင်သည်။ စက္ကူပျော့ဖတ်များ ပြုလုပ်ရာတွင် လည်းကောင်း၊ သစ်အရည်အသွေး ကောင်းမွန်သည့်အတွက် ဇလီဖားတုံး၊ သတ္တုတွင်းထောက်တိုင်များနှင့် တံတားများတည်ဆောက်ရာတွင် လည်းကောင်း အသုံးပြုနိုင်သည်။ သဘာဝသစ်တောများ ပြုန်းတီးပြီး တန်ဖိုးမဲ့နေသောမြေများတွင် ယူကလစ်ပင်များ စိုက်ပျိုးခြင်းဖြင့် အချိန်တိုအတွင်း စိမ်းလန်းစိုပြည်လာစေသည်သာမက ဆည်၊ ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများတွင် ယူကလစ်ပင်များ စိုက်ပျိုးပါက နုန်းအနည်ပို့ချမှုနှင့် မြေဆီလွှာ ပြုန်းတီးမှုလျော့နည်း သက်သာစေသည်။ ယူကလစ် သစ်မျိုးများကို လေကာတန်းအဖြစ်စိုက်ပျိုးပါက လေတိုက်နှုန်းကို ရာခိုင်နှုန်း ၄၀ မှ ရာခိုင်နှုန်း ၆၀အထိ လျော့ကျစေနိုင်ကြောင်း လေ့လာမှုများအရ သိရှိရသည်။

E.camaldulensis ကို ပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအတွက် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိသည်။ စစ်တောင်း စက္ကူစက်တွင် အဆိုပါယူကလစ်သစ်မျိုးကို ဝါးနှင့်ရောနှော၍ ပိုမိုချောမွေ့သော စက္ကူအမျိုးအစားများ ထုတ်လုပ်ရရှိနိုင်ကြောင်း စမ်းသပ်တွေ့ရှိထားပြီးဖြစ်သည်။

**ယူကလစ်သစ်ကို ခေတ်မီနည်းပညာများ အသုံးပြု၍ ရုံးသုံး၊ အိမ်သုံး၊ ဥယျာဉ်သုံး ပရိဘောဂများ ထုတ်လုပ်အသုံးချနေပြီဖြစ်သည်။ နေရာဒေသနှင့် ကိုက်ညီသော အကြီးမြန် ယူကလစ်သစ်မျိုးများအား တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သဘာဝတောများမှ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းကို လျော့ကျစေနိုင်ပြီး ဂေဟစနစ်တည်မြဲရေးနှင့် သဘာဝဝန်းကျင် တိုးတက်ကောင်းမွန်ရေးကိုလည်း အထောက်အကူပြုစေမည် ဖြစ်သည်။**

ယူကလစ်ရွက်မှ ဆေးဖက်ဝင် ယူကလစ်ဆီ၊ စက်မှုလုပ်ငန်းသုံး ယူကလစ်ဆီနှင့် ရေမွှေးထုတ်လုပ်ရာတွင် အသုံးပြုသော ယူကလစ်ဆီတို့ကိုလည်း ထုတ်ယူ သုံးစွဲနိုင်သည်။

E. camaldulensis သည် ကြာရှည်ခံသောသစ်မျိုးဖြစ်သဖြင့် မြေကြီးနှင့် ထိစပ်သောနေရာများတွင် အသုံးပြုပါက ၁၅နှစ်အထိ ကြာရှည်ခံနိုင်ပြီး မြေကြီးနှင့်မထိသော နေရာများတွင် အသုံးပြုပါက နှစ်၂၀ကျော်အထိ အသုံးပြုနိုင်သည်။ အဆောက်အအုံဆောက်လုပ်ရာတွင် သစ်သားကို ရေနံချေးသုတ်၍ အသုံးပြုပါက ပိုမိုကြာရှည်စွာ အသုံးပြုနိုင်သည်။ သစ်သားလိမ်ကောက်ခြင်းနှင့် ကွဲအက်ခြင်းမရှိစေရန် ခွဲစိတ်ပြီးသစ်များကို ချက်ချင်းအသုံးမပြုဘဲ သဘာဝလေတွင် အခြောက်ခံပြီးမှ အသုံးပြုရန် လိုအပ်သည်။

## ကျေးလက်ပြည်သူများ စိုက်ပျိုးအသုံးပြုမှု

ယူကလစ်သစ်သည် အကြီးမြန်ပြီး ဘက်စုံအသုံးဝင်သော သစ်မျိုးဖြစ်သဖြင့် အချို့သော မြို့နယ်များရှိ ကျေးလက်ပြည်သူများသည် မိမိတို့၏ အိမ်ဘေး၊ ယာစည်းရိုးဘေး၊ ရွာလမ်းဘေးဝဲ/ယာများတွင် ယူကလစ်ပင်များ စိုက်ပျိုးကြသည်။ ၁၉၈၀ ပြည့်နှစ်က သာယာဝတီခရိုင်ရှိ ကျေးရွာ ၁၂ ရွာတွင် ယူကလစ်သစ် သုံးစွဲနေမှုများကို လေ့လာခဲ့သောမှတ်တမ်းအရ လယ်ယာသုံးပစ္စည်းများအဖြစ် လှည်းထမ်းပိုး၊ ထွန်တုံး၊ လှည်းတံ၊ ထွန်တံ၊ ထယ်တံ၊ ဂျုတ်တံ၊ ဓားကြမ်းတံ၊ စပါးကြိတ်စင်တန်း၊ ဆောက်ရိုးနှင့် အိမ်ဆောက်ပစ္စည်းများအဖြစ် တိုင်၊ ထုပ်၊ လျောက်၊ ဒိုင်း၊ ရက်မ၊ အခြင်၊ ဆင့်၊ တံခါးပေါင်၊ လှေကားဆန်များအဖြစ် အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉၉၂ခုနှစ်တွင် ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာ၌ ရှစ်နှစ်သားအရွယ် ယူကလစ်သစ်သားဖြင့် နှစ်ထပ်ပျဉ်ထောင်အိမ် ဆောက်လုပ်ခဲ့ကြောင်း တွေ့ရှိရပြီး အဆိုပါအိမ်ကို နမူနာယူ၍ လက်မောင်းကွေး တောင်ရိုးတစ်လျှောက်တွင် ယူကလစ်ပင်များစိုက်ပြီး ပျဉ်ထောင်အိမ်များ ဆောက်လုပ်ထားကြသည်ကို တွေ့ရှိနိုင်သည်။ ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန ဒိုးကွင်း အမြဲတမ်းပျိုးဥယျာဉ်အတွင်း ဒေသခံပြည်သူများလေ့လာနိုင်ရန် စံနမူနာအဖြစ် ယူကလစ် သစ်တစ်မျိုးတည်းဖြင့် အိမ်တစ်လုံး ဆောက်လုပ်ပြသထားသည်။ အဆိုပါအိမ်မှာ ရှစ်နှစ်သားရှိ E.grandis ၁၀ပင်မှ ထွက်ရှိသော ခွဲသားဆိုဒ်စုံ ၅ ဒသမ ၄၆ တန်ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ကျေးလက်ဒေသများတွင် ယူကလစ်ပင်များ စိုက်ပျိုးနိုင်ခြင်းဖြင့် ပြည်သူများ၏ သစ်တောထွက်ပစ္စည်း လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့်အပြင် ပြင်ပမှဝယ်ယူသုံးစွဲရသည့် ကုန်ကျစရိတ် လျော့နည်းသက်သာစေမည်ဖြစ်သည်။

ယူကလစ်သစ်ကို ခေတ်မီနည်းပညာများ အသုံးပြု၍ ရုံးသုံး၊ အိမ်သုံး၊ ဥယျာဉ်သုံးပရိဘောဂများ ထုတ်လုပ်အသုံးချနေပြီဖြစ်သည်။ နေရာဒေသနှင့် ကိုက်ညီသော အကြီးမြန် ယူကလစ်သစ်မျိုးများအား တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သဘာဝတောများမှ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းကို လျော့ကျစေနိုင်ပြီး ဂေဟစနစ်တည်မြဲရေးနှင့် သဘာဝဝန်းကျင် တိုးတက်ကောင်းမွန်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်သည်။

ယူကလစ်သစ်မျိုးသည် ပူပြင်းခြောက်သွေ့သော ဒေသနှင့် မြေညံ့များတွင်ပင် ပေါက်ရောက်ရှင်သန်နိုင်စွမ်းရှိသဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ကျေးလက်ဒေသများတွင် စိုက်ခင်းများ တည်ထောင်ရာ၌ အောင်မြင်မှုရှိပြီး ကြီးထွားနှုန်းကောင်းမွန်သည့်အပြင် ဘက်စုံအသုံးဝင်သည့် ယူကလစ်ပင်များကို ကျေးရွာအသီးသီးရှိ မိမိတို့၏ နေအိမ်ခြံဝင်းများ၊ ဥယျာဉ် ခြံမြေများနှင့် မြေလွတ်မြေလပ်များတွင် စိုက်ပျိုးပါက ကျေးလက်ပြည်သူများ၏ လယ်ယာသုံးကိရိယာ၊ နေအိမ်၊ စာသင်ကျောင်း၊ စာကြည့်တိုက်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် လိုအပ်သည့်သစ်အတွက် ပူပန်စရာမလိုဘဲ အလွယ်တကူ ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း၃၀၀၀ကျော်တွင် ၂၀၀၉-၂၀၁၀ပြည့်နှစ်အတွင်း ယူကလစ်ပင်ပေါင်း ၁၀သန်းခန့် စိုက်ပျိုးရန်အတွက် အပင်များပျိုးထောင်ခြင်း၊ စည်းရုံးပညာပေးခြင်းနှင့် နည်းပညာကူညီပံ့ပိုးခြင်းများ စီမံဆောင်ရွက်လျက်ရှိရာ ကျေးရွာအလိုက်၊ အိမ်ထောင်စုအလိုက် တိုးချဲ့စိုက်ပျိုး လာသည်နှင့်အမျှ မိသားစု ဝင်ငွေတိုးလုပ်ငန်းမှသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအထိ အကျိုးရှိလာမည်မှာ ဧကန်အမှန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## သာယာဝတီမြို့ ကွက်သစ်အလက ပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်း သာယာဝတီမြို့ ကွက်သစ်အလကကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉နာရီတွင် အဆိုပါမြို့ရှိ ဒေါ်အရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ရန်ကုန်မြို့မှ ဦးလေးလွင် ဖုန်း-၀၉၈၆-၁၀၇၂၂၊ ဦးထွန်းမြတ် ဖုန်း-၀၉၅၀-၃၅၄၀၄၊ သာယာဝတီမြို့နယ်အသင်း (ရန်ကုန်)နှင့် သာယာဝတီမြို့မှ ဦးဖေဝင်း ဖုန်း-၀၅၅-၃၀၆၇၀၊ ဦးမျိုးသန့်ချော ဖုန်း-၀၅၅-၃၀၇၀၅နှင့် ၀၅၅-၃၀၈၀၀၊ ဦးမြတ်စိုးအောင် ဖုန်း-၀၅၅-၃၀၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)



**ပဲခူးတိုင်း(အနောက်ပိုင်း)၏ ၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေး တိုက်နေ့များ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က ပြည်မြို့ တိုင်းခွဲကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း(အနောက်ပိုင်း) ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ကျော်ဦးက အမျိုးသားကာကွယ်ဆေးတိုက်နေ့များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးစဉ်။**

(မြို့နယ်ပြန်/ဆက်)

## ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်မှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၁

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဒီဇင်ဘာ ၂၀ရက် နံနက် ၆နာရီတွင် ကသာဘူတာ ယာဒ်ဝင်းအတွင်း သစ်သားဇလီဖားတုံးများ စုဆောင်းထားရှိမှုနှင့် ခရီးသည်နားနေဆောင်များကို စစ်ဆေးသည်။**

ယင်းနောက် မြို့သစ်ဘူတာ ယာဒ်ဝင်း တည်ဆောက်မည့်နေရာနှင့် မြေသားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပေါမမြိုင်ရှိ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း ဒါရိုက်တာ ဦးမြတ်လင်းက ရထားလမ်း ဖောက်လုပ်မှုအခြေအနေနှင့် လုပ်ငန်းတိုးတက်မှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုများ၊ ပေ ၄၀အောက် တံတားများဖြစ်သော တံတားအမှတ်(၄)၊(၅)၊(၉)တို့ တည်ဆောက်ပြီးစီးမှု၊ မင်းလယ်ဘူတာရုံ တည်ဆောက်မည့်နေရာ၊ မင်းလယ်ချောင်းတံတား တည်ဆောက်မည့်နေရာနှင့် မြေသားတာပေါင်များကို ကြည့်ရှုစစ်ဆေးပြီး ချိန်းအမှတ်(၄၃၆)၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချိန်းအမှတ်(၄၈၀)၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ချောင်းမကြီးချောင်းကိုဖြတ်၍ တံတားတည်ဆောက်ရန် မြေဖို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးသည် ချိန်းအမှတ်(၆၄၂)၌ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် နဘားဘူတာယာဒ်ဝင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း ကသာ-ဗန်းမော် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





## ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျစားသောက်ဆိုင်(ဆရာဝန်များအသင်းတိုက်အနီး)၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အသင်းသားအသင်းသူများ၊ မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို နီးစပ်ရာအမှုဆောင်များထံ အမြန်ဆက်သွယ်ပေးပို့ကြရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် အတွင်းရေးမှူး ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း) ဖုန်း- ၅၅၅၆၅၁နှင့် ဦးခင်အောင် ဖုန်း-၀၉-၅၁၀၀၂၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၂-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄း၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄း၅၀ | ၇။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၀၀ | ၈။ | ဗီစီဒီကျော်ကြားတေးများ |
| ၅း၁၅ | ၉။ | ကျန်းမာကြံ့ခိုင် တို့မဏ္ဍိုင် |
| ၅း၄၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေး တေးကဗျာ |
| ၆း၂၅ | ၁၄။ | သွက်လက်လှုပ်ရှား ကစားစို့လား |
| ၆း၄၅ | ၁၅။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၆။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကျွန်တော်တင်တဲ့ မင်းသမီး (အပိုင်း-၇)** |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ |
| | ၂၁။ | မေးမြန်းစူးစမ်း |
| | ၂၂။ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ် (အပိုင်း-၂)** |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

## Myanmar Book Centre ဆိုင်ခွဲဖွင့်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

**Myanmar Book Centre Co., Ltd. ၏ Myanmar Book Centre ဆိုင်ခွဲဖွင့်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ Mr. Brown စားသောက်ဆိုင်၌ ကျင်းပရာ ရှေးဦးစွာ Myanmar Book Centre Co.,Ltd.၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသစ်ထပ်မံ ဖွင့်လှစ်သည့် Myanmar Book Centre အမှတ်(၅၆၁/၅၆၇) အခန်းအမှတ်(၃) မြေညီထပ် MAC Tower (I) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၏အကြောင်းကို ရှင်းလင်းပြောကြားသည်။**

နိုင်ငံတကာထုတ် နောက်ဆုံးထွက် စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိပေးရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် Myanmar Book Centre သည် ၁၉၉၆ခုနှစ်မှ ယနေ့အထိ Tourist Market အတွက် Book on Myanmar စာအုပ်များကို နိုင်ငံတကာ ထုတ်ဝေသူများထံမှ တင်သွင်းဖြန့်ချိလျက်ရှိသည်။

ထို့အပြင် တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများနှင့် ဌာနဆိုင်ရာများ၏ အမှာများကို တင်သွင်းပေးခြင်းနှင့်စာဖတ်ပရိသတ် တစ်ဦးချင်းလိုအပ်သော စာအုပ်များ၊ e Book, e Article များကို မှာကြားပေးခြင်း၊ ပုဂ္ဂလိကကျောင်းများ၊ ပွဲတော်များတွင် စာအုပ်ပြပွဲများ ကျင်းပပေးခြင်းနှင့် အခြားစာအုပ်ဆိုင်များနှင့် ကုန်တိုက်များသို့ ဖြန့်ချိပေးလျက်ရှိသည်။

Myanmar Book Centre တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ကလေးစာအုပ်များ၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းစာအုပ်များ၊အင်္ဂလိပ်စာသင်ကြားရေးစာအုပ်များ၊ ဝိဇ္ဇာ၊ သိပ္ပံ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ Computer Science, Management, Marketing နှင့် Economics စာအုပ်များ၊ သုတ၊ ရသမျိုးစုံ စာအုပ်များ၊ အဘိဓာန်များ၊ Encyclopedia များနှင့် ဆရာ၊ ဆရာမများအတွက် သင်ထောက်ကူပစ္စည်းများ ရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် နောက်ဆုံးထွက် စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနိုင်ရန် ထုတ်ဝေသူများနှင့် တိုက်ရိုက် စာချုပ်ချုပ်ဆို ရောင်းချပေးလျက်ရှိခြင်းကြောင့် နိုင်ငံတကာရှိ စာအုပ်ဆိုင်ကြီးများထက် ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်ဖြစ်သည်။ ယခုအခါ Myanmar Book Centre သည် ထုတ်ဝေသူပေါင်း ၅၀ ကျော်ကိုယ်စား တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တာဝန်ယူဖြန့်ချိပေးလျက်ရှိသည်။

ယခု အသစ်ဖွင့်လှစ်သည့် Myanmar Book Centre သည် ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကလေးများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ၂၀၀၉ခုနှစ် ဇန်နဝါရီလ မှစတင်ကာ လစဉ် ပထမပတ်၏ စနေနေ့တိုင်းတွင် ကလေးပညာရေး အကြံပေးပုဂ္ဂိုလ် Dr. Sjoukje က ကလေးများအား ပုံပြောပြသည့် အစီအစဉ်ကို ပြုလုပ်ပြီး မိဘများကိုပါ ပုံပြောနည်းများ သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် လ၏ တတိယပတ် စနေနေ့တိုင်းတွင် နာမည်ကြီး ကလေးကျောင်းဖြစ်သည့် Do Re Mi School က Game and Learning with fun အစီအစဉ်ဖြင့် ကလေးများ ပျော်ရွှင်စွာ ဆော့ကစားပြီး တစ်ချိန်တည်းတွင် ပညာသင်ကြားပေးသွားမည်ဖြစ်သည်။ ဝင်ကြေးမှာ အခမဲ့ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် သင်ကြားမည်ဖြစ်သည်။

Myanmar Book Centre ဆိုင်အမှတ်(၁)သည် အမှတ်(၅၅) ဗဟိုလမ်း၊ ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၂၂၁၂၇၁၊ ၂၁၂၄၀၉၊ ၂၁၄၇၀၈ ဖြစ်ပြီး ယခုဖွင့်လှစ်သည့် ဆိုင်အမှတ်(၂)၌ ဖုန်း-၃၇၀၅၃၂နှင့် ၃၈၄၅၀၈တို့ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**Myanmar Book Centre ဆိုင်ခွဲကို တွေ့ရစဉ်။** (သတင်းစဉ်)

## သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့




**ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၂ရက် က စည်ပင်သာယာ မြို့မဈေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေး ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှူး ဦးမြင့်ဝေတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## လားရှိုးမြို့တွင် စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၃၀ရက် မွန်းတည့် ၁၂နာရီတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြင်းမူမောင်နိုင်မိုး၊ ခင်ခင်ထူး၊ နေဝင်းမြင့်နှင့် ကံချွန်တို့က စာပေရေးရာများကို ဟောပြောကြပြီး တိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည်မိသားစုများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)



(22-12)07.pmd 1 12/22/2008, 2:50 AM

○ **ရှေ့ဖုံးမှ**

ထို့နောက် မြိတ်မြို့သစ် ကဘင်းကျေးရွာရှိ ကဘင်းရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိပြီး ပင်မတမံ မြေဖို့ခြင်းလုပ်ငန်းများနှင့် ရေထိန်းမျှော်စင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နည်းပညာတက္ကသိုလ်(မြိတ်)အစည်းအဝေးခန်းမ၌ နည်းပညာတက္ကသိုလ်(မြိတ်)နှင့် ကွန်ပျူတာတက္ကသိုလ်(မြိတ်) တို့မှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့သစ်အတွင်း အဆောက်အအုံများ တည်ဆောက်ထားရှိမှုနှင့် အဏ္ဏဝါစိုးကုမ္ပဏီက ဆောက်လုပ်လျက်ရှိသော ဆိပ်ခံတံတားကိုလည်းကောင်း၊ ကြိုင်လင်းအောင် ဆိပ်ခံတံတား၊ ဖိုးလမင်းကုမ္ပဏီ ဆိပ်ခံတံတားနှင့် ဦးကျောက်စိမ်း ဆိပ်ခံတံတားတို့၌ သင်္ဘောများ ကုန်တင်ကုန်ချ ဆောင်ရွက်နေမှုနှင့် ကုန်စည်စီးဆင်းနေမှုအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မြိတ် (FOB)စခန်း (One Stop Service)သို့ ရောက်ရှိပြီး ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စခန်းအနီးတွင်ရောင်းချလျက်ရှိသော ဈေးဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့ ကျွဲကူး-ကျောက်ဖျာတံတားသို့ရောက်ရှိပြီး ခရီးသည်များ ဖြတ်သန်းသွားလာနေမှုနှင့် တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွဲကူးစံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်နေမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်းလွဲပိုင်းတွင် မြိတ်မြို့ တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများအားလည်းကောင်း၊ ပုလဲရတနာခန်းမ၌ ဆီအုန်း၊ ရော်ဘာ၊ သီဟိုဠ်၊ ကွမ်းသီး၊ ငရုတ်ကောင်းလုပ်ငန်းရှင်များအားလည်းကောင်း တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကလွင်ရပ်ကွက်၌ သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ဓာတ်ပေါင်းအိုးမှ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနေမှုကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



# ရန်ကုန်မြို့တော် မိုင်(၃၀) ပတ်လည် စိမ်းလန်းစိုပြည်ရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

**ရန်ကုန်မြို့တော် မိုင် (၃၀) ပတ်လည် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ စံပြစိုက်ပျိုးရေး စီမံကိန်း ရှင်းလင်းဆောင်၌ကျင်းပရာ စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် လှည်းကူးမြို့နယ် မလစ် လျှပ်စစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်မြို့တော် မိုင်(၃၀) ပတ်လည် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှု ကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)




# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများ ပြည့်စုံဖူလုံရေး ရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများ ပြည့်စုံဖူလုံရေး အသိပေးရှင်းလင်းပွဲ Advocacy Meeting on Reproductive Health Commodity Security (RHCS) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၀ရက် နံနက်၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့မှ ခေတ္တဌာနေကိုယ်စားလှယ် ဒေါ်ပင်စီထွန်းသိန်းက နှုတ်ဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲကို ကျင်းပရာ ခေတ္တဌာနေကိုယ်စားလှယ် ဒေါ်ပင်စီထွန်းသိန်းက Reproductive Health Commodity Security ကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန မိခင်ကလေး ကျန်းမာရေး ဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူးက Current Situation on Reproductive Health Commodity Security ကို လည်းကောင်း၊ ကျန်းမာရေးစီမံကိန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကျန်းမာရေး သတင်း အချက်အလက်) က RHMIS Situation on RH Commodity တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၂-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၀ ၆။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၈း၁၀ ၇။ တေးဂီတအစီအစဉ်
၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ အတီးပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေးစစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၂၀ ၃။ အကပဒေသာ
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၇)
၅း၁၀ ၈။ အဆိုပြိုင်ပွဲ
၅း၂၀ ၉။လက်ဆင့်ကမ်းပေးဂီတတေး
၅း၃၀ ၁၀။စွမ်းအားပြည့်ထုတ်လုပ်ထား ပလတ်စတစ်ထုတ်ကုန်များ
၅း၄၅ ၁၁။သက်တံရောင်သံစဉ်
၆း၀၀ ၁၂။ညနေခင်းသတင်း
၆း၃၀ ၁၃။မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ဆိုကြမယ် ပျော်ကြမယ်
၇း၁၅ ၁၅။**နိုင်ငံခြားဇာတ်လမ်းတွဲ 'စူပါမင်းနှင့် မာနရှင်' (အပိုင်း-၁၇)**
၈း၀၀ ၁၆။ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မြတ်နှလုံးသားပိုင်ရှင်" (အပိုင်း-၁၁)**
၂၀။ အစီအစဉ်ပြီး၏။

**အမှာစကားပြောကြား**

**ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မျိုးဆက်ပွား ကျန်းမာရေး ဆိုင်ရာ ဆေးဝါးပစ္စည်းများ ပြည့်စုံဖူလုံရေး အသိပေး ရှင်းလင်းပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဆေးတက္ကသိုလ် မန္တလေး အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

၁၉၈၄-၁၉၉၄ ခုနှစ် ဆေးတက္ကသိုလ် မန္တလေး ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၄နာရီတွင် Hotel Mandalay ၌ ကျင်းပမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေကြသော တပည့်ဟောင်းများက ဆရာကြီး၊ ဆရာမကြီး ၁၆၅ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အဆိုပါအာစရိယပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာကျော်ကျော်ဦး ဖုန်း-၀၉-၂၀၀၃၆၅၄၊ ဒေါက်တာစန္ဒာသိန်း ဖုန်း၀၉-၂၀၁၀၈၆၄၊ ဒေါက်တာတင်ထူးအောင် ဖုန်း၀၉-၂၀၁၉၅၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို လပခဇုန်(မန္တလေး)၌ ယနေ့ဆက်လက်ကျင်းပသည်။

(ကက)အုပ်စု မန္တလေးမြို့ ဗထူးအားကစားကွင်း၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကအနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းကိုလေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ကက)အုပ်စု မန္တလေးမြို့ အောင်မြေမန္တလာကွင်း၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၁**

အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်း(၃/၂၀၀၈) ဆင်းပွဲကို ယနေ့ ညနေ၄နာရီတွင် ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ် ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ (သတင်းစဉ်)

**✳ ကျောဖုံးမှ**

ဒေသခံ ပြည်သူတစ်ဦးဖြစ်သူ လင့်စင်ကုန်းကျေးရွာမှ ဦးမြင့်ဦးကလည်း "ကျွန်တော်တို့ ဒေသမှာ ထွက်ကုန်အနေနဲ့ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ကြက်သွန်၊ နှမ်း၊ ဝါတို့ ရှိပါတယ်။ အရင်က ဒီထွက်ကုန်တွေကို လှည်းနဲ့တစ်ဆင့် ကားလမ်းကို ပို့ပြီးမှ ကားနဲ့ ပျော်ဘွယ်ကို ပို့ရပါတယ်။ အခုလို ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်း ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားပြေးဆွဲပေးမှာဖြစ်လို့ ကားလမ်းကို သယ်နေစရာမလိုဘဲ လင့်စင်ကုန်းဘူတာက ပျော်ဘွယ်ကို တိုက်ရိုက်ပို့နိုင်တာကြောင့် အချိန်ကုန် သက်သာသလို ခရီးစရိတ်လည်း သက်သာသွားပါတယ်။ လင့်စင်ကုန်းနဲ့ ပျော်ဘွယ်ကို ကားခ ကျပ် ၃၀၀ ကုန်ကျပေမယ့် ရထားနဲ့ သွားရင် ကျပ် ၄၀ ပဲ ကုန်ကျမှာဖြစ်ပါတယ်"ဟု ဝမ်းသာစကား ပြောကြားသည်။

ဒေသခံတစ်ဦးဖြစ်သော လင့်စင်ကုန်းကျေးရွာမှ အလယ်တန်းပြဆရာ ဦးထွန်းဝေကလည်း ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖွင့်လှစ်နိုင်၍ အကျိုးကျေးဇူး ခံစားရပုံနှင့်စပ်လျဉ်းပြီး "ဒီမှာတော့ အားလုံးပဲ ဝမ်းသာနေကြတာ၊ ကျွန်တော်လည်း အားလုံးနဲ့ထပ်တူ ဝမ်းသာပါတယ်။ ဒီရထားလမ်းသစ်ကြောင့် ကျွန်တော်တို့ဒေသ အရင်ကထက် ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ကလေးတွေ အမြင်ကျယ်လာမယ်၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ အရင်ကထက် ပိုပြီးကောင်းလာမှာပါ။ အရင်က တစ်မိုင်လောက်ရှိတဲ့ ခရီးကို တစ်နာရီလောက် သွားခဲ့ရတာ။ အခုဆိုရင် ၁၀ မိနစ်လောက်နဲ့ ရောက်မှာဆိုတော့ အချိန်ကုန်သက်သာ၊ လူသက်သာသွားတယ်၊ ကျွန်တော်တို့ ငယ်ငယ်တုန်းကနဲ့ဆိုရင် အများကြီးကွာသွားပြီ၊ ဒီလိုဖြစ်လာမယ် မမျှော်မှန်းထားတော့ အိပ်မက်လိုပါပဲ။ လင့်စင်ကုန်းကျေးရွာဟာ လူဦးရေ ၅၀၀ ကျော်ရှိပေမယ့် အရင်ကဆိုရင် ရွာကို သိပ်မသိခဲ့ကြဘူး။ အခုတော့ လမ်းပန်းဆက်သွယ်ရေး ကောင်းလာလို့ မိဘဆွေမျိုးတွေ အလွယ်တကူပြန်ဆုံနိုင်ပြီး ပျော်ဘွယ်မှာ ကျောင်းသွားတက်ရတဲ့ ကလေးတွေလည်း အဆင်ပြေပြီး ပညာရေးအတွက် အများကြီး အဆင်ပြေသွားပါတယ်။ အခုလို ရထားလမ်းသစ် ဖောက်လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ ဒေသခံ ပြည်သူတွေအားလုံး ကျေးဇူးတင်မဆုံး ဖြစ်နေကြပါတယ်" ဟု ရင်တွင်းခံစားချက်ကို ပြောကြားသည်။

ပျော်ဘွယ်ဘူတာရုံ ရုံပိုင်တာဝန်ခံ ဦးအောင်ဌေးကလည်း ပျော်ဘွယ်ဘူတာကို ဖြတ်၍ ရွှေညောင်နှင့် လွိုင်ကော်တို့သို့ ရထားခရီးစဉ် ပြေးဆွဲမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ "တစ်နေ့ကို အတက် နှစ်စင်း ရထားအမှတ် (၁၄၁) အဆန် နေပြည်တော်-ရွှေညောင်နဲ့ ရထားအမှတ်(၁၄၇) အဆန်၊ နေပြည်တော်-လွိုင်ကော်၊ အဆင်း နှစ်စင်း ရထားအမှတ် (၁၄၂) အစုန် ရွှေညောင်-နေပြည်တော်နဲ့ ရထားအမှတ်(၁၄၈) အဆန် လွိုင်ကော်-နေပြည်တော်တို့ ဖြစ်ပါတယ်။ နေပြည်တော်-ရွှေညောင်-နေပြည်တော်၊ နေပြည်တော်-လွိုင်ကော်-နေပြည်တော် ရထားခရီးစဉ်တွေကို ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ကတစ်ဆင့် ပြေးဆွဲတဲ့အတွက် မူလသွားနေတဲ့ ရထားတွေ အပြောင်းအလဲ မရှိပါဘူး။



**လင့်စင်ကုန်းနဲ့ ပျော်ဘွယ်ကို ကားခ ကျပ် ၃၀၀ ကုန်ကျပေမယ့် ရထားနဲ့သွားရင် ကျပ် ၄၀ ပဲ ကုန်ကျမှာ ဖြစ်ပါတယ်။**

*ဦးမြင့်ဦး*
*ဒေသခံတစ်ဦး*
*လင့်စင်ကုန်းကျေးရွာ*

အခုဆိုရင် ပျော်ဘွယ်ကလူတွေ ရွှေညောင်တို့၊ လွိုင်ကော်တို့ကို သွားချင်ရင် သာစည်ကို သွားစရာမလိုဘဲ တိုက်ရိုက်သွားနိုင်ပြီဖြစ်လို့ ဝမ်းသာ ကျေနပ်နေကြပါတယ်။ ပျော်ဘွယ်နဲ့ ဘုရားငါးဆူကို ရထားခ ကျပ် ၉၀ ပဲ ယူပါတယ်။ ပျော်ဘွယ်နဲ့ ဘုရားငါးဆူကို ကားခ ကျပ် ၅၀၀ ဖြစ်လို့ အများကြီးသက်သာသွားပါတယ်။ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လွိုင်ကော် ခရီးစဉ်တွေကို အရင်က သာစည်ကနေ ရထားပြောင်းစီးရလို့ အချိန်ကြန့်ကြာမှုတွေ ရှိပါတယ်။ အခုဆိုရင် ပျော်ဘွယ်ဘူတာမှာ လူအတက်အဆင်းအတွက်ပဲ ရထားရပ်မှာဖြစ်လို့ ရထားခေါင်းလှည့်ရတာတို့၊ ရထားပြောင်းစီးရတာတို့ မရှိဘဲ တောင်တက်စက်ခေါင်းနဲ့ ခရီးဆုံးအထိ တိုက်ရိုက်သွားနိုင်တော့မှာ ဖြစ်ပါတယ်။ အရင်က ရှမ်းပြည်နယ် ထွက်ကုန်တွေကို သာစည်ကနေ ပျော်ဘွယ်ကို တစ်ဆင့်သယ်ယူခဲ့ရပေမယ့် အခုဆိုရင် ရှမ်းပြည်နယ် ထွက်ကုန်တွေ ပျော်ဘွယ်ကို တိုက်ရိုက်သယ်ယူနိုင်ပြီး အချိန်မြန်မြန်နဲ့ စရိတ်စကသက်သာစွာ ရောက်ရှိလာမှာ ဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။





**ဒီရထားလမ်းသစ်ကြောင့် ကျွန်တော်တို့ဒေသ အရင်ကထက် ဖွံ့ဖြိုးတိုးတက်လာမှာပါ၊ ကလေးတွေ အမြင်ကျယ်လာမယ်၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ အရင်ကထက် ပိုပြီးကောင်းလာမှာပါ။**

*ဦးထွန်းဝေ*
*အလယ်တန်းပြကျောင်းဆရာ*
*လင့်စင်ကုန်းကျေးရွာ*

**ပျော်ဘွယ် - ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်နိုင်ခဲ့တဲ့အတွက် နေပြည်တော် ပျဉ်းမနားမှ ရွှေညောင်ကို တစ်ဆက်တည်း ရထားလမ်း တောက်လျှောက်သွားနိုင်ပြီ ဖြစ်ပါတယ်။**

*ဦးလွမ်းသူ*
*အင်ဂျင်နီယာမှူး-မြို့ပြ*
*စီမံကိန်းအင်ဂျင်နီယာ*

ယခုအခါ နေပြည်တော်ပျဉ်းမနား-ရွှေညောင်-နေပြည်တော်ပျဉ်းမနား ရထားခရီးစဉ်သည် နေပြည်တော် ပျဉ်းမနားဘူတာမှ စတင်ထွက်ခွာ၍ ရွာတော်၊ နေပြည်တော်၊ နေပြည်တော် တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ လင့်စင်ကုန်း၊ ဘုရားငါးဆူ၊ ယင်းမာပင်၊ မြင်းဒိုက်၊ ကလော၊ အောင်ပန်း၊ ဟဲဟိုးတို့၌ ရပ်နားကာ ရွှေညောင်ဘူတာ၌ ခရီးဆုံးမည်ဖြစ်သည်။

နေပြည်တော်ပျဉ်းမနား - လွိုင်ကော် - နေပြည်တော်ပျဉ်းမနား ရထားခရီးစဉ်သည် နေပြည်တော် ပျဉ်းမနားဘူတာမှ စတင်ထွက်ခွာ၍ ရွာတော်၊ နေပြည်တော်၊ နေပြည်တော် တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ လင့်စင်ကုန်း၊ ဘုရားငါးဆူ၊ ယင်းမာပင်၊ မြင်းဒိုက်၊ ကလော၊ အောင်ပန်း၊ တီကျစ်၊ နောင်တရား၊ ပင်လောင်းတို့၌ ရပ်နားကာ လွိုင်ကော်ဘူတာ၌ ခရီးဆုံးမည်ဖြစ်သည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ရထားလမ်းအရှည် (ခရီးမိုင်) ၁၆ဒသမ ၁၉ မိုင် ရှည်လျားကာ ပေ ၁၀၀ အထက်တံတား သုံးစင်း အပါအဝင် တံတားကြီးငယ် ၃၄ စင်း၊ ရထားလမ်းကွေ့ပေါင်း ၁၄ ကွေ့၊ ဘူတာ သုံးဘူတာနှင့် ကားလမ်းကူး တစ်ခုတို့ ပါဝင်သည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖွင့်လှစ်နိုင်ခြင်းဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်၊ နမ့်စမ်၊ မိုးနဲဒေသနှင့် ကယားပြည်နယ် လွိုင်ကော်ဒေသတို့ရှိ ပြည်သူများ ကူးသန်းသွားလာမှု လွယ်ကူချောမွေ့ပြီး ခရီးသည်နှင့်ကုန်စည်များကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်မည့်အပြင် ရထားလမ်းဖြတ်သန်းရာ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြန်မာ့မီးရထား၏ အောင်ပွဲ၊ ဒေသခံပြည်သူများ၏အောင်ပွဲ (သို့မဟုတ်) ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖွင့်ပွဲဟု ဆိုရမည်ဖြစ်ပေသည်။

**ပျော်ဘွယ် - ဘုရားငါးဆူ အထူးရထား ဘုရားငါးဆူ ဘူတာသို့ ခုတ်မောင်းဝင်ရောက်လာစဉ်။**



**ပျော်ဘွယ်က လူတွေ ရွှေညောင်တို့၊ လွိုင်ကော်တို့ကို သွားချင်ရင် သာစည်ကို သွားစရာမလိုတော့ဘဲ တိုက်ရိုက်သွားနိုင်ပြီဖြစ်လို့ ဝမ်းသာကျေနပ်ကြပါတယ်။ ပျော်ဘွယ်နဲ့ ဘုရားငါးဆူကို ရထားခ ကျပ် ၉၀ ပဲ ယူပါတယ်။ ပျော်ဘွယ်နဲ့ ဘုရားငါးဆူကို ကားခ ကျပ် ၅၀၀ ဖြစ်လို့ အများကြီး သက်သာသွားပါတယ်။**

*ဦးအောင်ဌေး*
*ရုံပိုင်(တာဝန်ခံ)*
*ပျော်ဘွယ်ဘူတာရုံ*



## ဒဂုံ အလက(၂) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဒဂုံ အလက(၂) (ယခင် မင်းမနိုင် အစိုးရ အလယ်တန်းကျောင်း)၌ တာဝန် ထမ်းဆောင်ခဲ့ကြပြီး သက်ပြည့် ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား ကျောင်းသားဟောင်းများက (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလက(၂) ဒဂုံ၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူငွေ ထည့်ဝင်လိုသူများ ကျောင်းအုပ်ဆရာမကြီး ဖုန်း- ၃၇၉၁၇၈၊ ကိုနိုင်ဦး (မိဘရိပ်) ဖုန်း- ၀၉-၅၅၅၁၅၅၅၊ ၀၉-၈၆၁၂၃၄၅၊ ၅၉၀၅၉၀၊ ဒေါ်စန်းစန်းဝေ ဖုန်း- ၅၁၉၂၇၄၊ ဒေါ်ခင်စုစုကြည် ဖုန်း- ၀၉-၅၀-၆၃၉၈၉၊ ဒေါ်ခင်အေးမူ ဖုန်း- ၃၇၄၁၂၃၊ ကိုသန်းဝင်း ဖုန်း- ၀၉-၅၁-၉၇၇၈၂၁၊ ဒေါက်တာအောင်မင်းသူ ဖုန်း-၀၉-၉၉၂၈၉၉၃၊ ဗိုလ်စစ်နိုင်ဦး ဖုန်း-၀၉-၅၁-၇၆၈၂၉၁၊ ကိုတင်အေး ဖုန်း- ၃၉၅၁၈၇၊ ကိုလင်းလင်း ဖုန်း- ၀၉- ၅၀-၃၅၂၆၉ နှင့် ကိုခင်မောင်သန်း ဖုန်း- ၀၉-၈၀၃၂၅၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## တရားရုံးချုပ်(နေပြည်တော်) တရားမအထူးအယူခံမှုစီရင်ချက်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားရုံးချုပ် (နေပြည်တော်) ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု (၄)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု (၆)မှုကို ကြားနာကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)



**သန်လျင်မြို့ ဖို့မြေ အမက မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဒုတိယတန်းတွင် ပထမဆုရ မထက်ရည်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဌေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(၅၂၇)



**ကြည့်ရှုစစ်ဆေး**

**ဒီဇင်ဘာ ၉ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် ချင်းပြည်နယ် ကန်ပက်လက်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ မြေထိန်းကျောက်စီနံရံနှင့် သွပ်ဆူးကြိုး ကာရံမှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီး ဖြစ်သော စည်းလုံးခြင်းသည် အင်အား ရုပ်တုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးက ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးက ရုပ်တုခြံဝင်းအတွင်း ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားစဉ်။**

(မြို့နယ်စည်ပင်)

**❀ လမ်းလျှောက်ခြင်းမှ**

ခြေရာခံပြီးနောက် ရင်သားကင်ဆာ၏ ခြိမ်းခြောက်မှုသည် လူနေမှုစရိုက်နှင့်လည်း ဆက်စပ်နေကြောင်း ပြောဆိုခဲ့သည်။ ရင်သားကင်ဆာအား အထိုက်အလျောက် ကာကွယ်နိုင်မည့် နည်းလမ်းအဖြစ် အနည်းဆုံး တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီအထိ လမ်းလျှောက်ပေးသင့်ကြောင်း ဆရာဝန်များက အကြံပြုထားသည်။ ထို့အပြင် ကြိုးခုန်ခြင်း၊ ရေကူးခြင်း၊ အားကစားရုံတွင် ကိုယ်လက်လေ့ကျင့်ခန်း လေ့ကျင့်ခြင်းတို့ကို တစ်ပတ်လျှင် တစ်နာရီမျှ အချိန်ယူ လေ့ကျင့်ပေးခြင်းဖြင့် ရင်သားကင်ဆာ ဖြစ်ပေါ်နိုင်ခြေကို သိသာစွာ ကျဆင်းလာစေသည်ဟု ဆရာဝန်များက ထုတ်ဖော်ပြောဆိုသည်။

ထို့ကြောင့်လည်း အမျိုးသမီးများအနေဖြင့် ပုံမှန်လမ်းလျှောက် လေ့ကျင့်ခန်းမျိုးကို တစ်နေ့လျှင် တစ်နာရီမျှ ပြုလုပ်ပေးခြင်းဖြင့် ရင်သားကင်ဆာ ဖြစ်ပွားနိုင်ခြေကို လျော့ပါးစေနိုင်ကြောင်း၊ သို့သော်လည်း တစ်နေ့လျှင် ခုနစ်နာရီ ထက်လျော့နည်းအောင် အိပ်စက်ခြင်းမျိုးကိုလည်း ကာလကြာရှည် ပြုလုပ်ခြင်းမျိုးကို ရှောင်ကြဉ်သင့်ကြောင်း ဆရာဝန်များက သတိပေးပြောကြားသည်။ **အင်တာနက်။**



22-12)09.pmd 1 12/22/2008, 2:50 AM



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် အလှူငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၁

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်အိချိရိုစစအဲ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး အလည်အပတ်အဖြစ် ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာရာဆုအာကီနိုဂါဝါနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်အိချိရိုစစအဲ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

### ဆွေးနွေး

ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်ရန်၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်သူက ညပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ်၌ ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာကင်အိချိရိုစစအဲ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော်ဂျပန်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၀ရက်ညပိုင်းတွင် လေကြောင်းခရီးဖြင့်ရန်ကုန်မြို့မှပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာရာဆုအာကီနိုဂါဝါနှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်အိချိရိုစစအဲ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့သို့ အလှူငွေများလှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

**နေပြည်တော်ခရိုင် နေပြည်တော်ပျဉ်းမနားမြို့နယ် ညောင်ပင်သာ ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ညောင်ပင်သာကျေးရွာရှိ ပညာအလင်း စာကြည့်တိုက်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေက အလှူငွေများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ညောင်ပင်သာကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် အလှူငွေ ကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာလျှပ်စစ်မီးရရှိရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်ဝေနှင့်အဖွဲ့က လက်ခံပြီး ရပ်မိရပ်ဖဦးထွန်းရွှေက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ညောင်ပင်သာကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီက ငွေကျပ်သိန်း ၄၆၀ အကုန်အကျခံ ဆောင်ရွက်မှုကြောင့် ဒီဇင်ဘာ ၁၇ ရက်မှ စတင်၍ အိမ်ခြေ ၂၂၁ လုံးမှာ လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသမီးများအတွက် ဖွင့်လှစ်ထားသော အင်္ဂလိပ်စာသင်တန်းကို ကြည့်ရှုအားပေးစဉ်။ (ပညာရေး)

# လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အမျိုးသမီးများအတွက် အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်သည် ဒီဇင်ဘာ ၂၀ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နွယ်သာကီဆောင်၌ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ဖွင့်လှစ်ပို့ချလျက်ရှိသော အမျိုးသမီးများအတွက် အင်္ဂလိပ်စာသင်တန်း (Communicative English Language Course for Women) သို့ ရောက်ရှိပြီး သင်တန်းသူများ အင်္ဂလိပ်စာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုကာ ဆရာမများနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

အဆိုပါ အမျိုးသမီးများအတွက် အင်္ဂလိပ်စာသင်တန်းကို နိုဝင်ဘာ ၂၄ ရက်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချလျက်ရှိပြီး အမျိုးသမီးသင်တန်းသူ ၉၀ တက်ရောက် သင်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဂမုန်းပွင့် Shopping Mall မှ အထူးလျှော့ဈေးဖြင့်ရောင်းချပေးနေ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဂမုန်းပွင့် Shopping Mallကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ကမ္ဘာအေးစေတီရှေ့၌ ဒီဇင်ဘာ ၁၇ရက်မှ စတင်၍ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ တိုးတက်ပြောင်းလဲလာသော Life Style နှင့်အညီ အမျိုးသား၊ အမျိုးသမီး၊ ကလေးအဝတ်အထည်များ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို အဆင်ပြေ သက်သောင့်သက်သာဝယ်ယူရရှိနိုင်ရန် ခင်းကျင်းထားပြီး Shopping Mall အဝင်ဝ Always Cafe တွင်လည်း စားသောက်ဖွယ်ရာများကို နံနက် ၉ နာရီမှ ည ၁၁ နာရီအထိ မှာယူစားသောက်နိုင်မည်ဖြစ်သည်။

မြေညီထပ်တွင် အလှကုန်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ဖိနပ်များ၊ ခရီးဆောင်အိတ်များ၊ ပရိဘောဂပစ္စည်းများ ရောင်းချလျက်ရှိသည်။ ပထမထပ်တွင် Vanson, Pierre Cardin, Van Heusen အမှတ်တံဆိပ် စသည့် အမျိုးသားအဝတ်အထည်များ၊ အခြားအမျိုးသား၊ အမျိုးသမီးဝတ် အထည်များ၊ ကလေးအသုံးအဆောင် ပစ္စည်းများကို ရောင်းချလျက်ရှိသည်။ ဒုတိယထပ်တွင် ခေတ်မီ ကလေးကစားကွင်းနှင့် ဆိုင်ခန်းများရှိသည်။ ထို့ပြင် ကျယ်ဝန်းသော Promotion Area လည်းပါရှိသည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်အထိ အဝတ်အထည်အမျိုးမျိုးကို (၅ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၅၀ အထိ ) လျှော့ဈေးနှင့် စားသောက်ကုန်များကိုအထူးလျှော့ဈေးဖြင့် ဂမုန်းပွင့်ဆိုင်တိုင်းတွင် ရောင်းချပေးမည်ဖြစ်သည်။

နာမည်ကြီးအမှတ်တံဆိပ်အမျိုးသားအဝတ်အထည်အမျိုးမျိုးကို (၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း) လျှော့ဈေး၊ Vanson အင်္ကျီနှစ်ထည်ဝယ်လျှင် တစ်ထည်လက်ဆောင်နှင့် တစ်ထည်ဝယ်ယူပါကလည်း လက်ဆောင်များပေးမည်ဖြစ်သည်။ ကျပ် ၁၀၀၀၀ အထက်ဝယ်ပါက ပြက္ခဒိန်လက်ဆောင်နှင့် လစဉ်ဖွင့်လှစ်နေကျ ကံစမ်းမဲများအပြင် TV နှင့် ရေခဲသေတ္တာများကိုပါ အထူးဆုအဖြစ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အိပ်ခန်းသုံးခန်း၊ ဝရန်တာနှစ်ခု၊ လိုင်းခွဲဖုန်းပါ ကမ္ဘာအေးကွန်ဒိုမီနီယံ လူနေတိုက်ခန်းများကိုလည်း စတင်ရောင်းချနေပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ ဖွင့်လှစ်ထားသော ဂမုန်းပွင့် Shopping Mall ကို တွေ့ရစဉ်။**
(သတင်းစဉ်)



# ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက် ဂူရှူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

**ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂူရှူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၄ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။**

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆန်းဆိုအမျိုးသား (၄၈) ကီလိုတန်း၌ ပထမဆုရ ထွန်းထွန်းဝင်း (ကာကွယ်ရေး)၊ ဒုတိယဆုရ ဝေယံလင်း (ဘဏ္ဍာ/အခွန်)၊ တတိယဆုရ သက်ပိုင်ဟိန်း (စက်မှု-၂)၊ (၅၂)ကီလိုတန်း၌ ပထမဆုရ စောကျော်စိုးမိုး (ရထားပို့ဆောင်ရေး)၊ ဒုတိယဆုရ ကိုထွေး (ကာကွယ်ရေး)၊ (၅၆) ကီလိုတန်း၌ ပထမဆုရ ရာစုမောင် (ကာကွယ်ရေး)၊ ဒုတိယဆုရ ကျော်နိုင်ဦး(ရထားပို့ဆောင်ရေး) တို့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုးဆမ်ထွန်းက ထောက်လှုပြိုင်ပွဲ၌ ရွှေ ခုနစ်ခု၊ ငွေ နှစ်ခု၊ ကြေး လေးခုဖြင့် ပထမဆုရရှိသွားသော ရထားပို့ဆောင်ရေးအသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆန်းဆိုပြိုင်ပွဲ၌ ရွှေ ငါးခု၊ ငွေ ငါးခု၊ ကြေး တစ်ခုဖြင့် ပထမဆုရရှိသွားသော ကာကွယ်ရေးအသင်းအားလည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က စုပေါင်းပြိုင်ပွဲတွင် ရွှေ ၁၀ခု၊ ငွေ သုံးခု၊ ကြေးလေးခုဖြင့် ပထမဆုရရှိသွားသော ရထားပို့ဆောင်ရေးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)



**အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စုပေါင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ရထားပို့ဆောင်ရေးအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။** (ကြေးမုံ)

# မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ ညအပူချိန် အနည်းငယ်လျော့နိုင်

ရန်ကုန် ဒီဇင်ဘာ ၂၁



**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။**ထူးခြားသည့် ညအပူချိန်မှာ** ဟားခါးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၂၂ရက် ညနေထိ ခန့်မှန်းချက်။** ။ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၀ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်) ၂၀-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၅ ဒသမ ၄ဒီဂရီစင်တီဂရိတ် (၆၀ဒီဂရီဖာရင်ဟိုက်) ၂၁-၁၂-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၀ ရာခိုင်နှုန်း ၂၁-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း ၈ဒသမ၆ နာရီခန့် ၂၀-၁၂-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၁-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂ မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၁၂-၂၀၀၈ ရက် ၁၂နာရီခွဲတွင် အရှေ့တောင်ဘက်မှ တစ်နာရီငါးမိုင်နှုန်း တိုက်ခတ်သည်။

# LOLANE (၁၅) နှစ်မြောက် အထိမ်းအမှတ် HAIR SHOW 2008 အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

Grand Wynn Enterprises Ltd.မှ LOLANE အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခဲ့ခြင်း (၁၅)နှစ်မြောက် Crystal Anniversary အထိမ်းအမှတ်အဖြစ် ကြီးမှူးကျင်းပသော HAIR SHOW 2008 ဆံကေသာပြပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ Park Royal Hotel၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ရှေ့ဦးစွာ အခမ်းအနားတွင် Managing Director ဦးလှဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် Administration Manager ဒေါ်အေးအေးသာထွန်းက ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် Fashion, Style & Designများ အသစ်အသစ်ပြောင်းလဲနေ သကဲ့သို့ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း နည်းပညာသစ်များ တိုးတက် ပြောင်းလဲလျက်ရှိနေသည့်အတွက် ကမ္ဘာနှင့်ယှဉ်ပြီး တိုးတက်မှုများကို မျက်ခြည်မပြတ်လိုက်မီစေရန် စေတနာထားလျက် LOLANE HAIR SHOW 2008ကို ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ၂၀၀၉ခုနှစ်အတွက် အသစ်ထပ်မံ ထုတ်လုပ်လိုက်သည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော Aroma Hair Colour Cream ဆံပင်ဆိုးဆေးနှင့် ဆံပင်ဆံသား ထိန်းသိမ်းခြင်းဆိုင်ရာ Hair Repair Treatment အလှကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ The Beauty Culture Association မှ Former President Mr.Prasertsak Arnakomနှင့် Hair Technique Worldwide Trainer & Professional Hair Stylistတို့က ဆန်းပြားလှပသည့် ဆံကေသာ Hair Fashion Showများနှင့် LOLANE Aroma Colourသုံးစွဲပုံ သုံးစွဲနည်းစနစ်များ၊ ၂၀၀၉ခုနှစ် ဆံပင်ပုံစံဒီဇိုင်းများနှင့် ဆံထုံးပုံစံများပြုလုပ်ပုံ အဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသသည်။

LOLANE အလှကုန်ပစ္စည်းများကို အစဉ်တစိုက် အားပေးသုံးစွဲနေသည့် LOLANE Slon Club အဖွဲ့ဝင် ဆံကေသာအလှပညာရှင် Professional Memberများအတွက် ဒီဇင်ဘာ ၂၂ ရက်တွင် Park Royal Hotel၌ နိုင်ငံတကာတွင် ရေပန်းစားနေသည့် ဆံပင်ပုံစံဒီဇိုင်းသစ်များ၊ ဆံထုံးပုံစံများနှင့် ဆံကေသာ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များကို သင်ကြားပြသပေးသွားမည့် Work Shop 2008 ကိုလည်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ အခမ်းအနားတွင် LOLANE အလှကုန်ပစ္စည်းများအား ၁၅နှစ်တာ ကာလအတွင်း ဖြန့်ဖြူးရောင်းချပေးခဲ့သည့် ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်ကြီးများနှင့် LOLANEမှ ပြုလုပ်ခဲ့သည့် ကာယအလှမယ်ပြိုင်ပွဲများ၊ ဖက်ရှင်မယ်ပြိုင်ပွဲများတွင် ကူညီပံ့ပိုးဆောင်ရွက်ခဲ့သူများနှင့် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များကို အမှတ်တရ ဂုဏ်ပြုဆုများချီးမြှင့်သည်။

Grand Wynn Enterprises Ltd.သည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ LOLANE အမှတ်တံဆိပ် Hair & Skin Care အလှကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ ကိုယ်စားလှယ်ရယူ၍ ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် LOLANE Slon Club အဖွဲ့ဝင်အဖြစ် Professional Member ဝင်လိုသူများ အနေဖြင့် Grand Wynn Enterprises Ltd. အမှတ်(၄၀) (၆၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈နှင့် Email: grandwyn@myanmar.com.mm တို့သို့ အသေးစိတ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)





# ထန်းတပင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် (၂)ရပ်ကွက် ဦးစံအေးလမ်းရှိ အုတ်ညှပ်သွပ်မိုး တစ်ထပ်နေအိမ်အတွင်း ရပ်ထားသော အမှတ် (၉၁) လိုင်းကားသည် ဒီဇင်ဘာ ၂၁ရက် နံနက် ၀၀း၁၂နာရီတွင် ဂက်စ်လိုင်းပေါက်ပြီး ဘက်ထရီဝါယာရှော့ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းကာ နံနက် ၁ နာရီ ၁၅ မိနစ်တွင်မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်သုံးလုံး၊ ကားတစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၅၀) ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၅၀)၌ မင်းဓမ္မအိမ်ရာစီမံကိန်းမှ မြို့တော်စည်ပင်ရရှိမည့် ၄၀ ရာခိုင်နှုန်းကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်၊ ရွှေဈေးကွက်ကြီး မှန်ကန်တည်ငြိမ်စေရန် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်အသင်းကသာ ပေါက်ဈေးဖွင့်ရောင်းဝယ်မည်၊ အသက် ၆၀ ကျော်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံကူးလက်မှတ်လာရောက် မလျှောက်ထားနိုင်သူများကို အိမ်တိုင်ရာရောက် လုပ်ပေးလျက်ရှိ၊ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကို လျှော့ချနိုင်ရန် မြို့တော်စည်ပင်က ၂၀၀၉ ခုနှစ်တွင် ကျပ်သိန်း ၆၀၀ သုံးစွဲမည်၊ မြန်မာ-ဗီယက်နမ် ရေကြောင်းဆိုင်ရာ သဘောတူညီချက်ကြောင့် မြန်မာသင်္ဘောသားများ အလုပ်အခွင့်အလမ်းရနိုင်မည်၊ ရန်ကုန်တိုင်းမှ တောင်သူများကို ၂၀၀၉ ခုနှစ်တွင် ငွေကျပ် သိန်း ၁၀၀၀ ထုတ်ချေးမည်စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဦးသန့်ကိုယ်တိုင် ရေးသားခဲ့သည့် View From The UN စာအုပ်မှ The Search For A Secretary General အပိုင်းကို ကောက်နုတ်ပြန်ဆိုထားသည့် 'ကုလသမဂ္ဂအတွင်းရေးမှူးရှာပုံတော်-၂' သမိုင်းမော်ကွန်း သုံးသပ်ဆောင်းပါးဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမား ရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော'အဖေ့ဆီကအိပ်မက်များ(၄)'၊ 'အမေရိကန်တွေအနေနဲ့အီရန်ရဲ့ နျူကလီးယားဗုံးကို အရေးစိုက်နေမယ့်အချိန်မဟုတ်ဘူး'၊ ထင်ရှားသော အသိပညာရှင် နော်မန်ဘန်ဘွမ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ရုရှားနိုင်ငံက ကမ္ဘာကြီးအား ဩဇာလွှမ်းမိုးရန် ပြန်လည်ကြိုးပမ်းလာ၊ တိုင်းမ်မဂ္ဂဇင်း၏ ၂၀၀၈ခုနှစ် အရေးပါဆုံးလူအဖြစ် အိုဘားမားကိုရွေးချယ်၊ ထိုင်းလွှတ်တော်က ဝန်ကြီးချုပ်သစ်ရွေးကောက်တင်မြှောက်၊ ဗြိတိန်နိုင်ငံ၏ ကြောင်တိကြောင်တောင်နိုင်သော ဥပဒေများအား အတိုက်အခံအမတ်က ပြစ်တင်ဝေဖန်၊ ဩစတြေးလျတွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ကုလားအုတ်သားစားကြမည် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် ၀၅နာရီ ၅၇မိနစ် ၂၂စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၈၀ခန့် ကွာဝေးသော (မြန်မာနိုင်ငံ ပြည်တွင်း) နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

# မီးဘေးရှောင်

# မလောင်ခင်တား



ပျော်ဘွယ် - ဘုရားငါးဆူ ရထားလမ်းသစ်ကြီးပေါ်၌ ဖြတ်သန်းလာသော အထူး ရထားကြီးအား လင့်စင်ကုန်း ဘူတာ၌ ဒေသခံပြည်သူများ က ဝမ်းပန်းတသာ လက်များ ဝှေ့ယမ်း၍ ကြိုဆိုကြစဉ်။

ဓာတ်ပုံ-သာညဏ် (သတင်းစဉ်)

# ဒေသခံပြည်သူများ၏အောင်ပွဲ (သို့မဟုတ်) ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း

သတင်းဆောင်းပါး-တင်ထွေး (သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း- သာညဏ်(သတင်းစဉ်)

**ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဖွင့်ပွဲ အထူးရထား ပျော်ဘွယ်ဘူတာမှ စတင်ထွက်ခွာသည်နှင့် လမ်းဘေးဝဲယာမှ ဒေသခံပြည်သူများနှင့် ရထားပေါ်မှ တာဝန်ရှိသူများ လက်များဝှေ့ယမ်း၍ အပြန်အလှန်နှုတ်ဆက်ကြရာ အားလုံး၏မျက်နှာတွင် အပြုံးပန်းတို့ လှိုင်လှိုင်ဝေနေသည်။**

ပျော်ဘွယ်ဘူတာနှင့် ဘုရားငါးဆူဘူတာကြားရှိ လင့်စင်ကုန်း ဘူတာတွင်လည်း ဒေသခံပြည်သူများက အတီးအမှုတ် အကအခုန် များနှင့် ဝမ်းပန်းတသာ ကြိုဆိုနေကြလေရာ ရထားခေတ္တရပ်ပြီး တာဝန်ရှိသူများက နှုတ်ဆက်ကြသည်။

ဖွင့်ပွဲအထူးရထား ဘုရားငါးဆူဘူတာသို့ ဆိုက်ရောက်လာ ချိန်တွင် ဒေသခံပြည်သူများက အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ် အကအခုန်များနှင့် အလံငယ်များ ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုကြပြန်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ပျော်ဘွယ်ဘူတာ၌ ကျင်းပခဲ့ရာ ဖွင့်ပွဲအထူးရထားဖြင့် ပျော်ဘွယ်ဘူတာမှ ဘုရားငါးဆူဘူတာအထိ လိုက်ပါစီးနင်းရင်း မြင်တွေ့ခဲ့ရသော မြင်ကွင်းပုံရိပ်များက ပြန်လည် တွေးမိတိုင်း ဝမ်းသာပီတိဖြစ်မိသည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူ (အင်ဂျင်နီယာမှူး-မြို့ပြ)က "ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဟာ နေပြည်တော် ပျဉ်းမနား-သာစည် ရထားလမ်းပေါ်မှာရှိတဲ့ ပျော်ဘွယ်ဘူတာက စတင်လမ်းခွဲပြီး သာစည်မြို့ကို ဝင်ရောက်ဖြတ်သန်းခြင်းမရှိဘဲ သာစည်-ရွှေညောင် ရထားလမ်းပေါ်မှာရှိတဲ့ ဘုရားငါးဆူဘူတာကို ဆက်သွယ်ပေးမယ့် ဖြတ်လမ်းဖြစ်ပါတယ်။

အခုလို ပျော်ဘွယ်- ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ် နိုင်ခဲ့တဲ့အတွက် နေပြည်တော်ပျဉ်းမနားမှ ရွှေညောင်ကို တစ်ဆက်တည်း ရထားလမ်း တောက်လျှောက်သွားနိုင်ပြီ ဖြစ်ပါတယ်။ ပျော်ဘွယ်- ဘုရားငါးဆူ ရထားလမ်းသစ်ဟာ ခရီးမိုင် ၁၆ ဒသမ ၁၉ မိုင် ရှိပါတယ်။ ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ ရထားလမ်း အရှည် က ခရီးမိုင် ၃၁ ဒသမ ၇၅ မိုင် ရှိတာကြောင့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဖောက်လုပ်ခြင်းဟာ ခရီးမိုင် ၁၆ ဒသမ ၅၆မိုင် (မူလခရီး၏ တစ်ဝက်) ပိုမိုလျော့နည်းပြီး သာစည်ဘူတာ မှာ စက်ခေါင်းတွေ မလှည့်ရတော့ဘဲ ပျော်ဘွယ်ဘူတာမှ တောက် လျှောက် ခုတ်မောင်းနိုင်တာကြောင့် ခရီးသွားပြည်သူတွေအတွက် အချိန်ကုန်သက်သာမှာ ဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန် ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏ သည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေ ပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါ ရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန




ယနေ့ ကြေးမုံ အင်တာနက်ကျန်းမာရေးသတင်း

## လမ်းလျှောက်ခြင်းဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ လျော့နည်းနိုင်

တစ်နေ့လျှင် တစ်နာရီ လမ်းလျှောက်ခြင်းသည် ရင်သားကင်ဆာဖြစ်ပွား နိုင်ခြေကို ထက်ဝက်မျှ လျော့နည်းစေနိုင်ကြောင်း သိရသည်။ ထို့ကြောင့် အမျိုးသမီး များအနေဖြင့် ကျန်းမာရေးလေ့ကျင့်ခန်းကို နေ့စဉ်မှန်မှန် လုပ်သင့်ကြောင်း ဆရာဝန် များက တိုက်တွန်းခဲ့သည်။ သုတေသနပြုလုပ်မှုတစ်ခုအရ တစ်နေ့လျှင် တစ်နာရီမျှ ပုံမှန်လမ်းလျှောက်ခြင်း ပြုလုပ်ခဲ့သော အမျိုးသမီးများသည် တစ်ပတ်အတွင်းမှာပင် ရင်သားကင်ဆာ ဖြစ်နိုင်ခြေ ၅၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

ဆရာဝန်များက ရင်သားကင်ဆာ ဖြစ်ပေါ်စေသော အကျိတ်ဆဲလ်များ ဖြစ်ပေါ်စေမှုမှာ သာမန်အခြေအနေအောက် ထက်ဝက်အထိ ကျဆင်းသွားသည်ကို တွေ့ခဲ့ရသည်ဟု ပြောကြားသည်။ ဗြိတိန်အမျိုးသမီး လေးသောင်းခန့်သည် နှစ်စဉ် နှစ်တိုင်း ရင်သားကင်ဆာနှင့် ကြုံတွေ့နေရပြီး အမျိုးသမီး ၁၂၀၀၀ ခန့် သေဆုံးနေ ကြသည်။ ရင်သားကင်ဆာသည် မျိုးရိုးလိုက်သော ရောဂါဖြစ်ပြီး ခန္ဓာကိုယ် အလေးချိန် လွန်ကဲရာမှလည်း ပေါ်ပေါက်လာတတ်သည်။

ဂျပန်နိုင်ငံ နာဂိုယာမြို့ တက္ကသိုလ်မှ ဆရာဝန်များက လွန်ခဲ့သော ၁၂ နှစ်တာ ကာလအတွင်း ရင်သားကင်ဆာ ဖြစ်ပွားခဲ့သည့် အမျိုးသမီးများ၏ ရောဂါမှတ်တမ်း ရာဇဝင်များကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**



**အမျိုးသမီးများအနေဖြင့် ပုံမှန်လမ်း လျှောက် လေ့ကျင့်ခန်းမျိုးကို တစ်နေ့လျှင် တစ်နာရီမျှ ပြုလုပ်ပေးသင့်။**


ယနေ့ ကြေးမုံ ပြည်တွင်း၊ ပြည်ပသတင်း အညွှန်း

ကိုယ်ဝန်ဆောင်ချိန် ကော်ဖီသောက်သုံးပါက သန္ဓေသား၏ နှလုံးဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်
အင်တာနက် ကျန်းမာရေးသတင်း စာမျက်နှာ ၅



ကသာ-ဗန်းမော် ရထားလမ်းသစ် ဖောက်လုပ်နေ
စာမျက်နှာ ၇

ဝန်ကြီးဌာနပေါင်းစုံ ဝူရှူး ပြိုင်ပွဲ၌ ရထားပို့ဆောင်ရေးအသင်း ဗိုလ်စွဲ
ပြည်တွင်း အားကစားသတင်း စာမျက်နှာ ၁၁




(22-12)20.pmd 1 12/22/2008, 2:50 AM